# ကြေးမုံ

The Mirror Daily

၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်၊ စနေနေ့။ Saturday, 15 October 2022 ၁၀၈၈၉


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅) စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်စိစစ်ရွေးချယ်

နေပြည်တော် အောက်တိုဘာ ၁၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ်၌ ပြုလုပ်သည့် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅) စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်စိစစ်ရွေးချယ်သည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅) စစ်လက်ရုံး ရွေးချယ်ပွဲသို့ တက်ရောက်စိစစ်ရွေးချယ်စဉ်။

## ယနေ့ ဖတ်စရာ


**အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (၂၀၂၃-၂၀၂၄) ပညာသင်နှစ် (ပြည်တွင်း/ပြည်ပ) ဒီပလိုမာ (၁) နှစ်သင်တန်းတက်ရောက်ခွင့် လျှောက်လွှာများခေါ်ယူ** စာမျက်နှာ » ၅

**စုပေါင်းဖြေရှင်းကြရမည့် စားနပ်ရိက္ခာဖူလုံမှု** ဆောင်းပါး စာမျက်နှာ » ၆

**(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆက်လက်ကျင်းပ** စာမျက်နှာ » ၁၀

**ဂျပန်နိုင်ငံရှိ စက်မှုလုပ်ငန်းဆိုင်ရာ ကုမ္ပဏီနှစ်ခုဖြစ်သည့် ဆိုနီနှင့်ဟွန်ဒါတို့ပူးပေါင်း၍ အဆင့်မြင့်လျှပ်စစ်ကားများ ထုတ်လုပ်မည်** စာမျက်နှာ » ၁၃

ကြေးမုံ

# ပြင်းပြသောစိတ်ဆန္ဒများဖြင့် ထာဝရငြိမ်းချမ်းရေးဦးတည်

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးသည်မှာ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် (၇၅) နှစ် စိန်ရတုကာလရောက်ရှိတော့မည်ဖြစ်သည်။ နှစ်ပေါင်း ၇၀ ကျော်လူ့သက်တမ်းတစ်ခုနီးပါးရှိပြီဖြစ်သော်လည်း တိုင်းပြည်သည် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအပြည့်အဝမရှိသေးသည်ကို တွေ့ရမည်ဖြစ်သည်။ အကြောင်းရင်းကို ဆန်းစစ်ကြည့်လျှင် တစ်တိုင်းပြည်လုံး တည်ငြိမ်အေးချမ်းမှုရှိသည့် ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ခြင်းမရှိသောကြောင့်ဟု ပြောရမည်ဖြစ်သည်။

လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသော တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်နိုင်ရန်အတွက် ခေတ်အဆက်ဆက် ခေါင်းဆောင်များက ကြိုးပမ်းတည်ဆောက်ခဲ့ကြသည်။ ငြိမ်းချမ်းရေးအတွက် ချမှတ်ဆောင်ရွက်သည့် မဟာဗျူဟာ၊ နည်းဗျူဟာ၊ လုပ်ငန်းစဉ်များ မတူကွဲပြားသော်လည်း ပြည်ထောင်စုကြီးအကျိုးကို ရှေးရှုသည့် ပြင်းပြသောဆန္ဒများဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရပါသည်။ သို့သော် သဘောထားအမြင် ခံယူချက်ကွဲပြားမှုကြောင့် ပြီးပြည့်စုံသည့် စုစည်းညီညွတ်မှုနှင့်ငြိမ်းချမ်းမှုကို မတည်ဆောက်နိုင်သော်လည်း ခေတ်ကာလအလိုက် ငြိမ်းချမ်းရေးနှင့်သက်ဆိုင်သည့် ရလဒ်တစ်မျိုးမျိုးကို စိုက်ထူထားနိုင်ခဲ့သည့် သမိုင်းမှတ်တိုင်များရှိခဲ့ပါသည်။

ယင်းတို့တွင် ထူးခြားသောသမိုင်းမှတ်တိုင်တစ်ခုမှာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို တည်ဆောက်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ ယနေ့ အောက်တိုဘာလ ၁၅ ရက်နေ့တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ကို ချုပ်ဆိုနိုင်သည့် ခုနစ်နှစ်မြောက် နှစ်ပတ်လည်နေ့သို့ ရောက်ရှိလာပြီဖြစ်သည်။ ငြိမ်းချမ်းရေးကိုတည်ဆောက်ရာတွင် လက်နက်ကိုင်အဖွဲ့များသည် အရေးပါသောအဖွဲ့အစည်းများဖြစ်ပြီး သက်ဆိုင်ရာအဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များနှင့် တိုင်းရင်းသားပြည်သူအားလုံးနှင့်လည်း သက်ဆိုင်ပေသည်။ နိုင်ငံတော်၏ ငြိမ်းချမ်းရေးနှင့်စည်းလုံးညီညွတ်မှု တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် တပ်မတော်အနေဖြင့် ခေတ်အဆက်ဆက် တက်ကြွစွာပူးပေါင်းဆောင်ရွက်ခဲ့သည်။

တိုင်းရင်းသားအဖွဲ့အစည်းများကြားတွင် ယုံကြည်ချက်၊ ခံယူချက်နှင့်သဘောထားအမြင်များ မည်မျှကွဲပြားခြားနားကြသော်လည်း "ငြိမ်းချမ်းရေးကို မဖြစ်မနေရယူလိုစိတ်" အပေါ် အရင်းခံ၍ တပ်မတော်အနေဖြင့် ခိုင်ခိုင်မာမာရပ်တည်လုပ်ဆောင်ခဲ့သည်။ စစ်ကြောင့်ဖြစ်လာသည့် အနိဋ္ဌာရုံများ၊ မငြိမ်းချမ်းမှုနှင့်ဆိုးကျိုးများ၊ ပင်ပန်းဆင်းရဲဒုက္ခအခက်အခဲရောက်မှုများ၊ အသက်၊ ခန္ဓာ၊ သွေး၊ ချွေးများနှင့် ဘဝများရင်းနှီးပေးဆပ်နေရသည်မှာ တပ်မတော်သားများနှင့် တိုင်းရင်းသားလက်နက်ကိုင်ညီနောင်များသာမက ဒေသခံတိုင်းရင်းသားပြည်သူများ၏ ဘဝများပါ ပေးဆပ်နေကြရသည်။ ပေးဆပ်လာရသည်မှာ နှစ်ပေါင်း ၇၀ ကျော်ပြီး ယခုအခါ လွတ်လပ်ရေးရသည့် စိန်ရတုကာလသို့ ရောက်ရှိလာပြီဖြစ်၍ မငြိမ်းချမ်းခြင်းကို အဆုံးသတ်ပြီး ထာဝရငြိမ်းချမ်းရေးကို မဖြစ်မနေရရှိရန် လိုအပ်နေပြီဖြစ်သည်။

ထာဝရငြိမ်းချမ်းရေးခရီးလမ်းသို့တက်လှမ်းနိုင်ရန်အတွက် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်း ပြည်ထောင်စုလွှတ်တော်တွင် ကန့်ကွက်သူမရှိအတည်ပြုပေးခဲ့သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) သည် လမ်းကြောင်းပေါ်သို့ ပို့ဆောင်ပေးမည့် အရေးပါသည့်စာချုပ်ဖြစ်သည်။ စာချုပ်တွင် ပါဝင်သောအချက်အလက်များသည် စာချုပ်ရေးဆွဲစဉ်က အတူတကွပါဝင်ခဲ့ကြသည့် တိုင်းရင်းသားအဖွဲ့အစည်းများ၏ တောင်းဆိုချက်များကို အခြေခံရေးဆွဲထားသည်။ ထို့ကြောင့် ငြိမ်းချမ်းရေးအတွက် NCA ၏အခြေခံမူများအတိုင်း လိုက်နာဆောင်ရွက်မည်ဆိုလျှင် ငြိမ်းချမ်းရေးနှင့်အလှမ်းနီးလာမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည့်နိုင်ငံအဖြစ် ခိုင်မာစွာရပ်တည်နိုင်ရေးအတွက် ဒီမိုကရေစီယဉ်ကျေးမှုကျင့်စဉ်များကို ၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲမှစတင်၍ ကျင့်သုံးလာသောနိုင်ငံဖြစ်သည်။ ယခုအခါ ဒီမိုကရေစီအလေ့အကျင့်ကို မှန်ကန်စွာဖြင့် ပြန်လည်တည်ဆောက်နိုင်ရန် တည့်မတ်ဆောင်ရွက်ပေးလျက်ရှိပြီး ရွေးကောက်ပွဲတွင်ပါဝင်၍ လိုအပ်ချက်များကို အစိုးရ၊ လွှတ်တော်လမ်းကြောင်းပေါ်တွင်သာ နည်းလမ်းတကျ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ဒီမိုကရေစီကို နည်းလမ်းတကျလုပ်ကိုင်ဆောင်ရွက်နိုင်သော အချိန်အခါတွင် လက်နက်စွဲကိုင်ပြီး အကြမ်းဖက်လုပ်ဆောင်မှုမျိုး၊ လက်နက်ကိုင်စွဲပြီး လူမျိုးစွဲ၊ ဒေသစွဲ အကြောင်းပြုဆောင်ရွက်မှုမျိုးသည် ဒီမိုကရေစီနှင့်ဆန့်ကျင်ဘက်ဖြစ်နေသည်ကို သတိပြုရမည်ဖြစ်သည်။

သို့ဖြစ်ရာ မျက်မှောက်ကာလသည် ထာဝရငြိမ်းချမ်းရေးခရီးကို မဖြစ်မနေတက်လှမ်းရမည့်အချိန်အခါဖြစ်သည်။ ပြည်ထောင်စုကြီးအကျိုးနှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ လုံခြုံစိတ်ချအာမခံချက်ရှိရေးကိုရှေးရှု၍ ငြိမ်းချမ်းရေးကို မဖြစ်မနေရယူမည်ဟူသည့် စစ်မှန်ပြင်းပြသောဆန္ဒများဖြင့် အားလုံးဝိုင်းဝန်းလက်တွဲပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

( ခ ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

(ဂ ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှုအနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။

## သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်းတွင် သစ်တောပညာဘွဲ့ကြိုသင်တန်းများ ပြန်လည်ဖွင့်လှစ်မည်

**နေပြည်တော် အောက်တိုဘာ ၁၄**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်းတွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဘွဲ့ကြိုပထမနှစ်သင်တန်းမှ စတုတ္ထနှစ်သင်တန်းအထိ ဘွဲ့ကြိုသင်တန်းများကို ၁၀-၁၁-၂၀၂၂ ရက်နေ့မှ ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက သင်တန်းရေးရာဌာနခွဲ၊ မော်ကွန်းထိန်းရုံး ဖုန်း(၀၆၇-၃၄၁၆၅၁၀၉) သို့ ဆက်သွယ်မေးမြန်းဆောင်ရွက်နိုင်ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၁၄**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း လျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ မာန်အောင်ကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ တိပိဋကလင်္ကာရပရိယတ္တိစာသင်တိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ချမ်းသာရကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ကျားရုပ်ပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ ဘီးလင်းတိုက်သစ်ပရိယတ္တိစာသင်တိုက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ ကြာကန်ကျောင်းတိုက်နှင့် မင်္ဂလာဒုံမြို့နယ်ရှိ ရတနာမာန်အောင်ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ မဟာဓမ္မိကာရာမကျောင်းတိုက်နှင့် အမရပူရမြို့နယ်ရှိ မဂ္ဂင်ကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ဒက္ခိဏာရာမပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိဝဲပုံကျောင်းတိုက်နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ တိုက်ကြီးပရိယတ္တိစာသင်တိုက် တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၄- ၁၀ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၄၀၀ | ၉,၄၀၀ | ၁,၅၀၅ | ၁၄,၁၄၇,၀၀၀ |
| MTSH | ၃,၅၅၀ | ၃,၅၀၀ | ၁၂,၀၅၄ | ၄၂,၂၄၁,၉၅၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၁၈ | ၁၄၂,၂၀၀ |
| FPB | ၂၁,၀၀၀ | ၂၁,၅၀၀ | ၂၅၈ | ၅,၅၄၆,၅၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၁၇၈ | ၄၈၉,၅၀၀ |
| EFR | ၂,၇၅၀ | ၂,၇၅၀ | ၂၀ | ၅၅,၀၀၀ |
| AMATA | ၅,၁၀၀ | ၅,၀၀၀ | ၆၀၉ | ၃,၀၆၇,၃၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် အောက်တိုဘာ ၁၄

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၂၀၄၃.၁ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၂၉၁.၇၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၄.၉၀၂ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၄၆.၆၂ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၅၀၄ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၂၀.၆ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၄၇၄.၄ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၄၂၂.၀ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၆.၁၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ချုပ်ဆိုခြင်း(၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားမည့် Video Message မိန့်ခွန်းအား ထုတ်လွှင့်ပြသမည်

**နေပြည်တော် အောက်တိုဘာ ၁၄**

၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ကျင်းပပြုလုပ်မည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ချုပ်ဆိုခြင်း (၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က Video Message ဖြင့်ပြောကြားမည့် မိန့်ခွန်းအပြည့်အစုံအား မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV-HD၊ MRTV-News၊ MRTV NRC၊ မြဝတီရုပ်မြင်သံကြား MWD HD၊ MWD Variety၊ MWD Education, Knowledge and Sports၊ MRTV Website၊ မြန်မာ့အသံရေဒီယို၊ ရွှေ FM၊ ပတ္တမြား FM၊ ချယ်ရီ FM၊ FM ပုဂံ၊ မန္တလေး FM၊ ပဒ္မဝတီ FM၊ သဇင် FM နှင့် Star FM တို့တွင် အခမ်းအနားကျင်းပချိန် နံနက် ၉ နာရီ၌ တစ်ပြိုင်တည်း ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်သည်။ **သတင်းစဉ်**

☆ **ရှေ့ဖုံးမှ**

အဆိုပါ စစ်လက်ရုံးရွေးချယ်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ တပ်မတော်နည်းပညာတက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗိုလ်လောင်းများအား တစ်ဦးချင်းစီ တွေ့ဆုံမေးမြန်း၍ နည်းပညာဘာသာရပ်ပိုင်းဆိုင်ရာများနှင့် လေ့ကျင့်ရေးပိုင်းဆိုင်ရာတို့တွင် နှစ်အလိုက်ထူးချွန်ထက်မြက်မှု၊ စည်းကမ်းလိုက်နာမှု၊ ကြိုးစားအားထုတ်မှုနှင့် ၎င်းတို့စိတ်ပါဝင်စားမှုများအပေါ်မူတည်၍ သင့်လျော်သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်လက်ရုံး အသီးသီးအတွက် စိစစ်ရွေးချယ်ပေးကြသည်။

**ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်**

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပညာတန်ဆောင် ဗိုလ်လောင်းစားရိပ်သာ၌ သင်တန်းသား ဗိုလ်လောင်းများနှင့်အတူ နေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြပြီး ဗိုလ်လောင်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ အားပေးစကား ပြောကြားခဲ့သည်။

ယင်းနောက် စစ်လက်ရုံးရွေးချယ်မှုအား ဆက်လက်ပြုလုပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပညာတန်ဆောင် ဗိုလ်လောင်းစားရိပ်သာ၌ သင်တန်းသားဗိုလ်လောင်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ အားပေးစကားပြောကြားစဉ်။

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ(NMSP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ တတိယနေ့ တွေ့ဆုံဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၁၄**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ(NMSP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ တတိယနေ့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်နှင့် မွန်ပြည်သစ်ပါတီ(NMSP)ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်း၊ တွဲဖက်အတွင်းရေးမှူး နိုင်ဝင်းလှ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် နိုင်ဗညားလယ်တို့ တက်ရောက်ကြသည်။

**အတည်ပြုလက်မှတ်ရေးထိုး**

တွေ့ဆုံဆွေးနွေးပွဲတွင် ပထမအကြိမ် တွေ့ဆုံဆွေးနွေးပွဲမှ သဘောတူညီချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု၊ ထပ်မံဖြည့်ဆည်းပေးရန် လိုအပ်ချက်များနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို နှစ်ဖက်အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြီးနောက် သုံးရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ နှစ်ဖက်သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြသည်။

ယင်းနောက် မွန်ပြည်သစ်ပါတီ(NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်းနှင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့က နိဂုံးချုပ်အမှာစကားများ ပြောကြားခဲ့ပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံအကျိုးသယ်ပိုးဆောင်ရွက်ချက်မှတ်တမ်းစာအုပ်နှင့် စာအုပ်စာစောင်များ၊ MRTV DTH Receiver၊ နှစ်ပေစလောင်းနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ရုပ်သေးကြိုးဆွဲပြိုင်ပွဲနှင့် ကာလပေါ်တေးသီချင်းအဆိုပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၁၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဦးမောင်းဟာသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ ကျင်းပသည့် ရုပ်သေးကြိုးဆွဲပြိုင်ပွဲသို့ တက်ရောက်ပြီး ပြိုင်ပွဲဝင်များ၏ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲတွင် ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား/အမျိုးသမီး ရုပ်သေးကြိုးဆွဲပြိုင်ပွဲဝင်များက မင်းသား၊ မင်းသမီးနှင့် ဇော်ဂျီကြိုးဆွဲရုပ်သေးရုပ်များကို ကြိုးများဖြင့် ကျွမ်းကျင်စွာထိန်းချုပ်ပြီး မြန်မာ့ရိုးရာ ကကွက်များအပြင် ကိုယ်ဟန်အနေအထားအမျိုးမျိုး၊ အမူအရာအမျိုးမျိုးတို့ကို အနုပညာမြောက် သရုပ်ဖော်တင်ဆက်ပြသယှဉ်ပြိုင်ခဲ့ကြသည်။





အလားတူ ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးစိုင်းလုံးဆိုင်သည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Signing Room ၌ ကျင်းပသည့် "ကာလပေါ်" တေးသီချင်းအဆိုပြိုင်ပွဲသို့ တက်ရောက်ပြီး ပြိုင်ပွဲဝင်များ၏ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲတွင် အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀နှစ်အတွင်း) အမျိုးသားပြိုင်ပွဲဝင်များနှင့် အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး)ပြိုင်ပွဲဝင်များက ထင်ရှားကျော်ကြားလှသည့် ကာလပေါ်တေးသီချင်းများအား ငြိမ့်ညောင်းသာယာနားဝင်ပီယံရှိစေမည့် အသံနေအသံထားများဖြင့် ကျွမ်းကျင်ပိုင်နိုင်စွာ ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

**ကြည့်ရှု အားပေး**






နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဦးစိုင်းလုံးဆိုင် "ကာလပေါ်" တေးသီချင်းအဆိုပြိုင်ပွဲယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဦးမောင်းဟာ ရုပ်သေးကြိုးဆွဲ ပြိုင်ပွဲယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာချန်းဟိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၁၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာချန်းဟိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ တွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# မလှိုင်မြို့နယ် သမဝါယမအသင်းစုလီမိတက် အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

မလှိုင် အောက်တိုဘာ ၁၄

မလှိုင်မြို့နယ် မြို့နယ်သမဝါယမအသင်းစု(လီမိတက်)၏ ၂၀၂၀-၂၀၂၁ နှင့် ၂၀၂၁-၂၀၂၂ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အစားထိုးရွေးချယ်တင်မြှောက်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်သမဝါယမအသင်းစုရုံး အစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးနှင့် တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် အတွင်းရေးမှူး ဦးသိန်းမြင့်တို့က အမှာစကားများ ပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်က အခြေခံသမဝါယမအသင်းများမှ ချေးယူထားသည့် ချေးငွေများနှင့်ပတ်သက်၍ ကျန်ရှိနေသည့်အသင်းများအနေဖြင့် အပြေအကျေ ပြန်လည်ပေးဆပ်သွားရန် ပြောကြားသည်။

ယင်းနောက် မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးဇော်လင်းကိုက လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးတင်ပြပြီး ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးရှင်းတမ်းနှင့် အမြတ်ခွဲဝေမှုစာရင်းကို အသင်းစုအတွင်းရေးမှူး ဦးကျော်ညွှန့်က လည်းကောင်း၊ မြို့နယ်အသင်းစုဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို အသင်းစုဒုတိယဥက္ကဋ္ဌ ဦးဝင်းငွေက လည်းကောင်း၊ စာရင်းစစ်အစီရင်ခံစာကို အဖွဲ့ခေါင်းဆောင် ဦးမျိုးဆွေကလည်းကောင်း ဖတ်ကြားတင်သွင်းခဲ့သည်။

ဆက်လက်၍ အစားထိုးရွေးချယ်တင်မြှောက်ပွဲအခမ်းအနားကို ကျင်းပရာ သဘာပတိအဖြစ် တိုင်းဒေသကြီး ဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးက ဆောင်ရွက်ပြီး လစ်လပ်သွားသော မြို့နယ်ဒါရိုက်တာအဖွဲ့ဝင်နေရာ ရွေးချယ်ခြင်းနှင့် အတည်ပြုကြေညာခြင်းကို ဆောင်ရွက်ခဲ့သည်။

**အောင်ငွေး(မလှိုင်)**

# အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (၂၀၂၃-၂၀၂၄) ပညာသင်နှစ် (ပြည်တွင်း/ပြည်ပ) ဒီပလိုမာ (၁) နှစ်သင်တန်းတက်ရောက်ခွင့် လျှောက်လွှာများခေါ်ယူ

**နေပြည်တော် အောက်တိုဘာ ၁၄**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီတော်အနီးရှိ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (၂၀၂၃-၂၀၂၄) ပညာသင်နှစ်တွင် ဖွင့်လှစ်မည့် ဒီပလိုမာ (၁) နှစ်သင်တန်းသို့ ပြည်တွင်း/ပြည်ပမှ ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ်များ တက်ရောက်နိုင်ရန်အတွက် လျှောက်လွှာများအား စတင်ခေါ်ယူထားပြီးဖြစ်ကြောင်း သိရသည်။

ဒီပလိုမာ (၁) နှစ်သင်တန်းအတွက် အရည်အချင်းသတ်မှတ်ချက်များမှာ ပြည်တွင်းရဟန်းတော်များသည် ဓမ္မာစရိယတန်းအောင်မြင်ပြီးသူဖြစ်ရမည်ဖြစ်ပြီး ပြည်တွင်းသာသနာ့နွယ်ဝင် သီလရှင်များနှင့် လူပုဂ္ဂိုလ်များသည် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိရမည်ဖြစ်သည်။ ပြည်ပလျှောက်လွှာရှင်များသည် သက်ဆိုင်ရာအစိုးရပညာရေးဌာနက ကျင်းပသော တက္ကသိုလ်ဝင်တန်းအဆင့် အောင်မြင်သူဖြစ်ရမည်ဖြစ်ပြီး သင်တန်းတက်ရောက်မည့်သူများသည် အင်္ဂလိပ်စာ 4 Skills ကျွမ်းကျင်ရမည်ဖြစ်ကာ အသက် ၁၈ နှစ်မှ ၄၅ နှစ်အတွင်းရှိပြီး ကျန်းမာရေးကောင်းမွန်ကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကင်းရှင်းကြောင်း ထောက်ခံချက်လက်မှတ် ပါရှိရမည်ဖြစ်သည်။

ပညာဆည်းပူးနေစဉ်ကာလတစ်လျှောက် ပြည်တွင်းသင်တန်းသားရဟန်းတော်များ၊ ပြည်ပသင်တန်းသားများ၏ နေထိုင်စားသောက်ရေးကို တက္ကသိုလ်က တာဝန်ယူပေးမည်ဖြစ်ပြီး ပြည်တွင်းသင်တန်းသား သီလရှင်များ၏ နေထိုင်ရေးအတွက် တက္ကသိုလ်တွင် အဆောင်နေရာလစ်လပ်ပါက စီစဉ်ပေးမည်ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက www.itbmu.org.mm သို့ ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၂၈)ကြိမ်မြောက် အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ရောက်ရှိ



အုပ်ချုပ်ရေးကောင်စီမှ ဆက်ကပ်သည့် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ကမ္ဘောဒီးယားနိုင်ငံ သာသနာပိုင်ဆရာတော်ကြီး ဆမ်ဒက်ပရယ် အဂ္ဂမဟာသံဃရာဇာဓိပတိ တပ်ဖုံအား သွားရောက်ဖူးမြော်၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သာသနာတော်ဆိုင်ရာ ကိစ္စရပ်များကို လျှောက်ထားခဲ့ကြောင်း သိရသည်။

**ရန်ကုန် အောက်တိုဘာ ၁၄**

အာဆီယံ လူမှုရေး - ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီဝန်ကြီးဖြစ်သူ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ အောက်တိုဘာ ၁၂ ရက်မှ ၁၄ ရက်အထိ ကျင်းပခဲ့သည့် (၂၈) ကြိမ်မြောက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီဝန်ကြီးများအစည်းအဝေး (28th Meeting of the ASEAN Socio – Cultural Community (ASCC) Council) သို့ တက်ရောက်ခဲ့ပြီး ယနေ့ ညပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။

ကမ္ဘောဒီးယားနိုင်ငံ ခရီးစဉ်ကာလအတွင်း အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ ဝန်ကြီးများနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် H.E. Samdech Akka Moha Sena Padei Techo HUN SEN အား တွေ့ဆုံနှုတ်ဆက် ဂါရဝပြုခဲ့ကြပြီး ကမ္ဘောဒီးယားနိုင်ငံအမျိုးသားပြတိုက်သို့ သွားရောက်လေ့လာခဲ့ကြသည်။

**သွားရောက်ဖူးမြော်**

ပြည်ထောင်စုဝန်ကြီး ဦးကိုကို ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ပြန်လည်မထွက်ခွာမီ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဆက်ကပ်သည့် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ကမ္ဘောဒီးယားနိုင်ငံ သာသနာပိုင်ဆရာတော်ကြီး ဆမ်ဒက်ပရယ် အဂ္ဂမဟာသံဃရာဇာဓိပတိ တပ်ဖုံအား သွားရောက်ဖူးမြော်၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သာသနာတော်ဆိုင်ရာ ကိစ္စရပ်များကို လျှောက်ထားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ခေါင်းဆောင်မှုအရည်အသွေးများကို ကောင်းစွာသိရှိနားလည်ပြီး တပ်တွင်းစည်းလုံးညီညွတ်မှုနှင့် တပ်ပြင်စည်းရုံးရေးလုပ်ငန်းများကို ပိုမိုကျစ်လျစ်ခိုင်မာအောင် အလေးထားဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၄**

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ် (၁၀၈) ရဲဗလတပ်ခွဲ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရဲအရာရှိလေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်ချုပ်ဇင်မင်းထက်က ဒုတိယရဲအုပ်လောင်းများ၏ အလေးပြုခြင်းကိုခံယူကာ သင်တန်းဆင်းတပ်ခွဲကို စစ်ဆေးပြီး ဒုတိယရဲအုပ်လောင်းများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။ ယင်းနောက် ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က အကောင်းဆုံး ကျောင်းသားဆုရ ဒုတိယရဲအုပ်လောင်း မေလင်းခိုင်၊ ဥပဒေဘာသာရပ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ဝေလွင်ဦး၊ လေ့ကျင့်ရေးထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း မေလင်းခိုင်၊ ကွန်ပျူတာဘာသာရပ် ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း သီဟန်မျိုး၊ အင်္ဂလိပ်စာဘာသာရပ် ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း အေးပွင့်ဖြူတို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်က သင်တန်းဆင်းဒုတိယရဲအုပ်လောင်းများသည် တက္ကသိုလ်အသီးသီးမှာ စာပေပညာများကို လေ့လာဆည်းပူးခဲ့ကြသလို တပ်ဖွဲ့အသီးသီးမှာ ခေါင်းဆောင်ငယ်များအဖြစ် စတင်တာဝန်ထမ်းဆောင်ကြရမည့်သူများ ဖြစ်သည်နှင့်အညီ ခေါင်းဆောင်မှုအရည်အသွေးများကို ကောင်းစွာသိရှိနားလည်ပြီး တပ်တွင်းစည်းလုံးညီညွတ်မှုနှင့် တပ်ပြင်စည်းရုံးရေးလုပ်ငန်းများကို ပိုမိုကျစ်လျစ်ခိုင်မာအောင် အလေးထားဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ တိုးတက်ပြောင်းလဲနေသည့် မျက်မှောက်ခေတ်ကာလတွင် ပြည်သူများဘဝအေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေးဆိုသည့် ရည်မှန်းချက်တာဝန်(၄)ရပ်ကို အလေးထားအောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း။





လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ လိုက်နာရမည့် အစဉ်အလာကောင်း(၁၂)ရပ်၌ပါရှိသည့် "နိုင်ငံတော်တွင် အရေးကြုံတိုင်း နောင်တော်တပ်မတော်နှင့် တစ်စိတ်တစ်ဝမ်းတည်းလက်တွဲ၍ ကာကွယ်စောင့်ရှောက်ခဲ့သည့် တပ်ဖွဲ့ဖြစ်သည်" ဟူသည့်အချက်နှင့်အညီ တပ်မတော်နှင့်အတူ လက်တွဲ၍ လက်ရှိနိုင်ငံတော်၏အခြေအနေကို တည်ငြိမ်အေးချမ်းရန် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**အောင်မြင်စွာမွေးထုတ်ပေးနိုင်ခဲ့**

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ၁၉၆၅ ခုနှစ်မှစ၍ အမျိုးသမီးရဲတပ်ဖွဲ့ဝင်များကို ရဲတပ်ဖွဲ့၏ အဆင့်အသီးသီး၌ စတင်ခန့်အပ်တာဝန်ပေးခဲ့ပြီး အမျိုးသမီးရဲအရာရှိများကို စဉ်ဆက်မပြတ် အမျိုးသားရဲအရာရှိများနှင့်အတူ အောင်မြင်စွာမွေးထုတ်ပေးနိုင်ခဲ့ကာ အမျိုးသမီးရဲအရာရှိငယ်များအနေဖြင့်လည်း ပေးအပ်သည့်တာဝန်များကို စွမ်းရည်ပြည့်ဝကျေပွန်စွာ ထမ်းဆောင်နိုင်ရန်အတွက် လုပ်ငန်းတာဝန်များကို ရဲရင့်ထက်မြက်စွာ ဆောင်ရွက်နိုင်အောင် ကြိုးပမ်းသွားကြရန်လိုအပ်ကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် နိုင်ငံ့ဝန်ထမ်းဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့် ထုတ်ပြန်ထားသည့် အမိန့်နှင့်ညွှန်ကြားချက်များကို စောင့်ထိန်းလိုက်နာပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်တို့ကို အောင်မြင်အောင် မိမိတို့ကျရာကဏ္ဍအလိုက် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာမှာ ဥပဒေလုပ်ထုံးလုပ်နည်း၊ ကျင့်ဝတ်များကို သိရှိနားလည်ကျွမ်းကျင်ပြီး အဂတိတရား ကင်းရှင်းစွာနှင့် နည်းစနစ်တကျမှန်ကန်စွာ ထမ်းဆောင်သွားကြရန် လိုအပ်ကြောင်း တိုက်တွန်းမှာကြားသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ ဒုတိယရဲချုပ် (၂) (လုံခြုံ/မှုခင်း) ရဲဗိုလ်ချုပ် အောင်နိုင်သူ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုး၊ ရဲအရာရှိကြီးများ၊ ဗဟိုမီးသတ်သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး အဆိုပါ ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ် (၁၀၈) ရဲဗလတပ်ခွဲတွင် တပ်တွင်းဘွဲ့ရ အမျိုးသား ၁၉၃ ဦး၊ အမျိုးသမီး ၁၄၈ ဦး စုစုပေါင်း ၃၄၁ ဦးတို့ကို သင်တန်းဆင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၄**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မိုး/ဇလ

သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

ကမ္ဘာ့စားနပ်ရိက္ခာနေ့ ဂုဏ်ပြုဆောင်းပါး

# စုပေါင်းဖြေရှင်းကြရမည့် စားနပ်ရိက္ခာဖူလုံမှု

သိန်းထွန်း (IR)




လူသားတစ်ယောက်၏ လိုအပ်ချက်များတွင် စား၊ ဝတ်၊ နေရေးမှာ အခြေခံလိုအပ်ချက်သုံးမျိုး ဖြစ်ပါသည်။ ယင်းအခြေခံလိုအပ်ချက်သုံးမျိုးတွင် စားသောက်ရေးမှာ မရှိမဖြစ်အရေးကြီးဆုံးဖြစ်သည်။

ယနေ့ကမ္ဘာကြီးတွင် လူသားတို့အတွက် စားနပ်ရိက္ခာဖူလုံရေးမှာ စိန်ခေါ်မှုတစ်ခုဖြစ်လာနေပြီး ထိထိရောက်ရောက်ဖြေရှင်းရမည့် ကိစ္စတစ်ခု ဖြစ်နေပါသည်။ သို့ဖြစ်သည့်အတွက် စားနပ်ရိက္ခာဖူလုံရေးနှင့်ပတ်သက်၍ ကမ္ဘာတစ်ဝန်း နိုးကြားလာစေရန်အတွက် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) က နှစ်စဉ် အောက်တိုဘာလ ၁၆ ရက်နေ့ကို ကမ္ဘာ့စားနပ်ရိက္ခာနေ့အဖြစ် သတ်မှတ်၍ ကမ္ဘာ့နိုင်ငံများတွင် နှစ်စဉ်ကျင်းပလျက်ရှိသည်။

စားနပ်ရိက္ခာဖူလုံရေး၏အဓိပ္ပာယ်ကို ၁၉၉၆ ခုနှစ်က ကျင်းပခဲ့သည့် ကမ္ဘာ့စားနပ်ရိက္ခာ ထိပ်သီးဆွေးနွေးပွဲတွင် ဖွင့်ဆိုခဲ့သည်မှာ လူသားအားလုံးသည် အချိန်တိုင်းတွင် လန်းဆန်းတက်ကြွ၍ ကျန်းမာသောဘဝအတွက် ၎င်းတို့၏အစားအသောက် လိုအပ်ချက်များနှင့် နှစ်သက်ရာအစားအစာများရရှိစေသည့် လုံလောက်သော ရုပ်ပိုင်းဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာအခွင့်အလမ်းရှိခြင်း၊ ဘေးကင်းခြင်းနှင့် အာဟာရပြည့်ဝသောအစားအစာများရှိနေခြင်းဟုဆိုပါသည်။ စားနပ်ရိက္ခာဖူလုံရေးတွင် အောက်ပါအခြေခံရှုထောင့်များ ပါဝင်ပါသည်–

(က) စားနပ်ရိက္ခာရရှိနိုင်မှု (Food availability)
(ခ) စားနပ်ရိက္ခာဝယ်ယူနိုင်မှု (Food access)
(ဂ) ကျန်းမာရေးနှင့် ညီညွတ်စွာ စားသုံးနိုင်ခြင်း (Utilization)
(ဃ) လိုအပ်သောအချိန်တွင် လိုအပ်သောအစားအစာများအား စားသုံးရန် စဉ်ဆက်မပြတ်ရှိခြင်း (Stability)

အဆိုပါ စားနပ်ရိက္ခာဖူလုံရေးသည် လူသားအားလုံးအတွက် အရေးကြီးလမ်းဆုံလမ်းခွသို့ ရောက်ရှိနေကြောင်း FAO က သတိပေးလျက်ရှိပါသည်။ တစ်နည်းအားဖြင့် စားနပ်ရိက္ခာဖူလုံရေးအတွက် ဘက်ပေါင်းစုံမှ စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေရသည့်ကာလဖြစ်ပါသည်။ ၂၀၂၁ ခုနှစ်အတွင်း စားနပ်ရိက္ခာအကျပ်အတည်းဖြစ်နေသည့် နိုင်ငံ/နယ်မြေရှိ လူဦးရေစုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းနီးပါးသည် အကျပ်အတည်း သို့မဟုတ် ဆိုးရွားသော သို့မဟုတ် အလားတူအခြေအနေတွင် တွေ့ရကြောင်း၊ အချို့နိုင်ငံများတွင် ပဋိပက္ခ/မလုံခြုံမှုသည် စားနပ်ရိက္ခာမလုံခြုံမှုအတွက် အဓိကအကြောင်းရင်းဖြစ်သည်ကိုတွေ့ရကြောင်း Global Network against Food Crisis ၏ Global Report on Food Crisis ၂၀၂၂ အစီရင်ခံစာက ဆိုထားပါသည်။

### ပိုမိုခက်ခဲလာသောအခြေအနေ

ကမ္ဘာ့လူဦးရေသည် ၂၀၂၂ ခုနှစ်တွင် သန်းပေါင်း ရှစ်ထောင်ခန့်ရှိပြီး လူဦးရေမှာ ဆက်လက်တိုးပွားလျက်ရှိရာ ၂၀၅၀ တွင် ၁၀ ဘီလီယံနီးပါးရှိလာမည်ဟု ခန့်မှန်းထားပါသည်။ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကြီး၏စာရင်းများအရ ကမ္ဘာပေါ်ရှိ လူဦးရေ သန်းနှစ်ထောင်ကျော်မှာ ဘေးကင်း၍ အာဟာရပြည့်ဝသောအစားအစာ လုံလောက်စွာပုံမှန်မရရှိကြောင်း ထုတ်ပြန်ထားပါသည်။ ၂၀၂၂ ခုနှစ်သည် မကြုံစဖူးငတ်မွတ်မှုနှင့်ကြုံတွေ့ရသည့်နှစ်ဟု ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကြီးက ဆိုပါသည်။ စားနပ်ရိက္ခာ မလုံလောက်မှုနှင့် ရင်ဆိုင်နေရသည့်အရေအတွက်သည် ၂၀၁၉ ခုနှစ်မှစ၍ လူဦးရေ ၁၃၅ သန်းမှ ၃၄၅ သန်းအထိ တိုးလာပြီး နိုင်ငံပေါင်း ၄၅ နိုင်ငံတွင် လူဦးရေသန်း ၅၀ သည် အငတ်ဘေးနှင့် ရင်ဆိုင်နေရကြောင်း ပြောကြားထားသည်။

ကမ္ဘာတစ်ဝန်းရှိ ဆင်းရဲနွမ်းပါးသူ ၈၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး အများစုသည် စိုက်ပျိုးရေးနှင့် သဘာဝအရင်းအမြစ်များကို မှီခိုနေကြရသည်။ ၎င်းတို့သည် အများအားဖြင့် သဘာဝနှင့် လူဖန်တီးသောဘေးအန္တရာယ်များကြောင့် ထိခိုက်မှုအပြင်းထန်ဆုံးခံစားနေကြရသူများဖြစ်ကြသည်။ သို့ဖြစ်ရာ မိမိတို့၏ စားနပ်ရိက္ခာစနစ်များမပြောင်းလဲပါက ၂၀၅၀ ပြည့်နှစ်တွင် အာဟာရချို့တဲ့မှုနှင့် မညီမျှမှုများ များစွာမြင့်တက်လာမည်ဖြစ်ကြောင်း ကျွမ်းကျင်သူများက ခန့်မှန်းထားပြီး ကမ္ဘာလုံးဆိုင်ရာ အကျပ်အတည်းများ ရင်ဆိုင်နေရချိန်တွင် အားလုံးပါဝင်သော ဖြေရှင်းချက်များ ယခင်ကထက် ပိုမိုလိုအပ်နေကြောင်း တိုက်တွန်းထားပါသည်။

### ငတ်မွတ်ခေါင်းပါးမှုဖြစ်ပွားရခြင်း

လူသားတို့၏ လိုအပ်ချက်များ ပိုမိုမြင့်မားနေချိန်တွင် အရင်းအမြစ်များမှာ ကျဆင်းလျက်ရှိကြောင်း ဆိုပါသည်။ ထို့အပြင် စားနပ်ရိက္ခာမလုံလောက်မှုဖြစ်စေသည့် အကြောင်းရင်းများသည်လည်း ပိုမိုပြင်းထန်ကျယ်ပြန့်လျက်ရှိနေပါသည်။ WFP အဆိုအရ ကမ္ဘာတစ်ဝန်း အငတ်ဘေးဖြစ်ပွားစေသည့် အကြောင်းရင်းလေးချက်မှာ –

(က) **ပဋိပက္ခများ။** ပဋိပက္ခများသည် ငတ်မွတ်ခေါင်းပါးမှုအတွက် အကြီးမားဆုံးအရင်းခံအကြောင်းတရားတစ်ခုဖြစ်နေပြီး ကမ္ဘာ့ငတ်မွတ်ခေါင်းပါးသူ ၆၀ ရာခိုင်နှုန်းသည် စစ်ပွဲနှင့် အကြမ်းဖက်မှုဒဏ်ခံနေရသောဒေသများတွင် နေထိုင်နေသူများဖြစ်ကြသည်။

(ခ) **ရာသီဥတုပြောင်းလဲမှု။** ကမ္ဘာ့ရာသီဥတုဖောက်ပြန်မှုကြောင့် အသက်ဆုံးရှုံးမှုများ၊ ကောက်ပဲသီးနှံများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ထိခိုက်စေပြီး လူသားတို့၏ လုပ်ကိုင်စားသောက်နိုင်မှုစွမ်းရည်ကို လျော့ကျစေလျက်ရှိပါသည်။

(ဂ) **ကိုဗစ်ကပ်ရောဂါ၏အကျိုးဆက်များ။** ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် ဖြစ်ပေါ်လာသော စီးပွားရေးအကျိုးဆက်များသည် မမျှော်လင့်သော အငတ်ဘေးအဆင့်အထိ ဖြစ်ပေါ်စေလျက်ရှိသည်။

(ဃ) **ကုန်ဈေးနှုန်းမြင့်တက်မှု။** အစားအသောက်များသည် ယခင်ကထက်ပို၍ ဈေးနှုန်းများမြင့်တက်လာနေပါသည်။ အစားအသောက်ကုန်ဈေးနှုန်းများသည် ၁၀ နှစ်အတွင်း အမြင့်ဆုံးဖြစ်လျက်ရှိသည်။ ကမ္ဘာ့တောင်ခြမ်းရှိ ဆင်းရဲနွမ်းပါးသောနိုင်ငံများစွာတွင် အစားအသောက်ကုန်ဈေးနှုန်းများ မြင့်တက်လာမှုကြောင့် ငတ်မွတ်ခေါင်းပါးမှု၊ အငတ်ဘေး သို့မဟုတ် လူမှုရေးမငြိမ်သက်မှုများကို ဖြစ်စေလျက်ရှိသည်။ ထို့အပြင် လူသန်းပေါင်းများစွာအတွက် စားနပ်ရိက္ခာဖူလုံရေးမှာ စိုးရိမ်ဖွယ်အခြေအနေ ရောက်ရှိနေပါသည်။

အထက်ပါအချက်များအပြင် နိုင်ငံနှင့် ဒေသအလိုက် မတူညီသောအကြောင်းရင်းများလည်း ရှိနေပါသည်။ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာများ၊ ဆင်းရဲမွဲတေမှု စသည်တို့အပြင် မူဝါဒဆိုင်ရာများ၊ စီမံခန့်ခွဲမှုဆိုင်ရာလည်း ပါဝင်နေသည်ကို တွေ့ရပါသည်။ ကမ္ဘာ့စားနပ်ရိက္ခာဖူလုံမှုနှင့် အာဟာရပြည့်ဝမှုကို ထိခိုက်စေသည့် အရင်းခံအကြောင်းတရားများသည် ပြီးခဲ့သည့် ၁၀ နှစ်အတွင်း ဖြစ်ပွားမှု အကြိမ်ရေနှင့် ပြင်းထန်မှုများ တိုးလာနေကြောင်း WHO ၏ The State of Food Security and Nutrition in the World Report 2021 တွင် ဖော်ပြထားပါသည်။

### အားလုံးအတွက်စိန်ခေါ်မှု

ကမ္ဘာ့နေရာအနှံ့အပြားတွင် မြင့်တက်လာသော အခက်အခဲအကျပ်အတည်းများနှင့်အတူ စားနပ်ရိက္ခာဖူလုံရေးမှာ အားလုံးအတွက်စိန်ခေါ်မှု ဖြစ်လျက်ရှိသည်။ စားနပ်ရိက္ခာမလုံခြုံမှုနှင့် အာဟာရချို့တဲ့မှု စိုးရိမ်ဖွယ်မြင့်မားလာခြင်းသည် ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသဆိုင်ရာအစားအစာစနစ်များ (Global and Local Food Systems) ပျက်စီးလာသည့်အဓိပ္ပာယ်ဖြစ်ပါသည်။

ထို့အပြင် ယူကရိန်းတွင် လတ်တလောဖြစ်ပွားနေသောစစ်ကြောင့် စားနပ်ရိက္ခာဖူလုံမှုကို တိုက်ရိုက်ထိခိုက်စေရုံမက ကမ္ဘာတစ်ဝန်း စားနပ်ရိက္ခာမလုံလောက်မှုနှင့် ရင်ဆိုင်နေကြရသော လူသန်းပေါင်းများစွာ ရင်ဆိုင်နေရဆဲအခက်အခဲများကို ပိုမိုဆိုးရွားလာစေပါသည်။

အချို့သောဒေသများနှင့် လူထုအပေါ်သို့ စားနပ်ရိက္ခာဖူလုံမှုဆိုင်ရာ ထိခိုက်နိုင်ခြေများရှိနေကြသော်လည်း လက်တွေ့တွင်မူ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် လူဦးရေအပြန်အလှန်ဆက်နွယ်မှု ပိုမိုနီးစပ်လာသည့် ဂလိုဘယ်လိုက်ဇေးရှင်းခေတ်တွင် ထိုထိခိုက်နိုင်မှုများသည် ကမ္ဘာ့လူသားအားလုံးအပေါ်သို့ သက်ရောက်လာနိုင်ပါသည်။ အကယ်၍ တစ်ဦးတစ်ယောက် နောက်ကျကျန်ခဲ့မည်ဆိုပါက ဆက်နွယ်နေသည့်ကွင်းဆက်တစ်ခု ပြတ်တောက်သွားမည်ဖြစ်ပြီး ထိုကွင်းဆက် ပြတ်တောက်သွားမှု၏ အကျိုးဆက်ကို နောက်ကျကျန်ခဲ့သူတစ်ဦးတည်းသာခံစားရမည်မဟုတ်ဘဲ နယ်မြေကန့်သတ်မှုမရှိသောစိန်ခေါ်မှုများ၏ ဆင့်ကဲအကျိုးသက်ရောက်မှုများ (domino effects) ကို လူသားအားလုံး ခံစားကြရမည်ဖြစ်ပါသည်။

ထို့အပြင် အငတ်ဘေးဖြစ်စေသည့် အကြောင်းရင်းအချို့သည် သက်ဆိုင်ရာနိုင်ငံ/ ဒေသတစ်ခုတည်းနှင့် သက်ဆိုင်နေသည်မဟုတ်ဘဲ ကမ္ဘာလုံးဆိုင်ရာပြဿနာများအဖြစ် တွေ့ရသည်။ ဥပမာအားဖြင့် နိုင်ငံတကာတင်းမာမှုများ၊ ပဋိပက္ခများ၊ စီးပွားရေးအကျပ်အတည်းများ၊ ကုန်ဈေးနှုန်းမြင့်တက်မှု၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု၊ ကိုဗစ်ကပ်ရောဂါတို့သည် နိုင်ငံအားလုံးအပေါ် အနည်းနှင့်အများ အကျိုးသက်ရောက်နေပါသည်။

**“အစီရင်ခံစာတွင် လတ်တလောစားနပ်ရိက္ခာအကျပ်အတည်းများ လျော့ပါးရေးနှင့် ကာလရှည်ကြာဆိုးကျိုးဖြစ်စေလျက်ရှိသည့်နည်းလမ်းများ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ဖြေရှင်းမှုတစ်ရပ်အဖြစ် အသေးစားစိုက်ပျိုးရေး ကဏ္ဍကို ပိုမိုဦးစားပေးရန်လိုအပ်ကြောင်း တိုက်တွန်းထားပါသည်။ ထို့အပြင် လူသားချင်းစာနာထောက်ထားမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းရေးထိန်းသိမ်းမှုများတွင် ပူးပေါင်းဆောင်ရွက်သည့်ချဉ်းကပ်မှုပုံစံကို အားပေးမြှင့်တင်ရမည်ဖြစ်ပါသည်။ အလားတူပင် ပဋိပက္ခများကို မီးလောင်ရာလေပင့်စေသည့် လုပ်ဆောင်မှုများကို ရှောင်ရှားခြင်းသည် ပြန်လည်ထူထောင်ရေးနှင့် ခံနိုင်ရည်ရှိမှုတည်ဆောက်ရေးကို အထောက်အကူဖြစ်”**

စာမျက်နှာ ၇ သို့ *

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရန်ကုန်မြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် MITV News Studio ပြန်လည်တည်ဆောက်မှု၊ ရုပ်သံ Tower များ လုပ်ငန်းဆောင်ရွက်နေမှုနှင့် ကွံခိုင်မှုများစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၁၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ ရောက်ရှိပြီး MITV News Studio ပြန်လည် တည်ဆောက်မှု၊ ရုပ်သံ Tower များ လုပ်ငန်းဆောင်ရွက်နေမှုနှင့် ကွံခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် MITV News Studio ပြန်လည်တည်ဆောက်ရန်အတွက် Studio–2 တွင် ယာယီ Studio ပြင်ဆင်ဆောင်ရွက်နေမှုနှင့် MITV News Studio တွင် သတင်းဖတ်ကြားမှုအခြေအနေများကိုလည်းကောင်း၊ MITV သတင်းခန်းတွင် ယာယီအသံဖမ်း Studio ဆောက်လုပ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု အပါအဝင် သတင်းခန်း၏ လုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

MITV News Studio ကို ၂၀၁၃ ခုနှစ်တွင် စတင်အသုံးပြုခဲ့ရာ ယခုအခါ နှစ်ကာလကြာမြင့်ပြီး ဒီဇိုင်းအသစ် ပြင်ဆင်ပြောင်းလဲနိုင်ရန်အတွက် အချိန်တစ်လခန့်ဖြင့် ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ရာ ထိုသို့ဆောင်ရွက်နေစဉ် သတင်းထုတ်ပြန်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် Studio–2 တွင် ယာယီ News Studio အဖြစ် တည်ဆောက်အသုံးပြုခြင်းဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့် အတူ 9 Meter Earth Station သို့ သွားရောက်ပြီး ရုပ်သံအစီအစဉ်များအား ဂြိုဟ်တုဆက်ကြောင်းများ၊ ဖိုက်ဘာဆက်ကြောင်းများဖြင့် ထုတ်လွှင့်ပေးပို့ခြင်းနှင့် ဖမ်းယူဖြန့်ဝေခြင်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။





အဆိုပါ 9 Meter Earth Station ကို ၁၉၉၇ ခုနှစ်အတွင်း စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၎င်းမှ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (ရန်ကုန်)တွင် ရိုက်ကူးသည့် အစီအစဉ်များနှင့် Content Provider များဖြစ်သည့် Channel K၊ YTV၊ Fortune TV များနှင့် ပုဂ္ဂလိက FM လိုင်းများမှ ရုပ်သံအစီအစဉ်များကို ဖိုက်ဘာနှင့် ဂြိုဟ်တုဆက်ကြောင်းများမှတစ်ဆင့် နေပြည်တော်(တပ်ကုန်း)ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ ပေးပို့လျက်ရှိသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် 200 Meter Tower သို့ ရောက်ရှိပြီး Tower ကွံခိုင်မှု၊ Analogue နှင့် DVB–T2 ထုတ်လွှင့်စက်များ၊ FM ထုတ်လွှင့်စက်များ၊ MRTV DAB+ နှင့် ရေဒီယို ထုတ်လွှင့်စက်များ၏ ထုတ်လွှင့်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ 200 Meter Tower ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ရွှေသံလွင်ကုမ္ပဏီတို့ အကျိုးတူပူးပေါင်း၍ ၂၀၁၂ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၅ ခုနှစ်မှစ၍ လုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ Analogue နှင့် DVB–T2 ရုပ်သံလိုင်းများ၊ မြန်မာ့အသံ FM ရေဒီယိုများ၊ MRTV DAB+ ထုတ်လွှင့်မှုများ၊ ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်နှင့် Forever Group Co.,Ltd တို့၏ ရုပ်သံအစီအစဉ်များနှင့် ပုဂ္ဂလိက FM အစီအစဉ်များအား ထုတ်လွှင့်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

✻ စာမျက်နှာ ၆ မှ

ထိုသို့သောအခြေအနေများသည် ကုလသမဂ္ဂ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်သော ရည်မှန်းချက်များတွင် ပါဝင်သော ၂၀၃၀ ပြည့်နှစ်တွင် ငတ်မွတ်ခေါင်းပါးမှု အဆုံးသတ်၍ လူသားအားလုံး အထူးသဖြင့် ဆင်းရဲနွမ်းပါးသူများနှင့် မွေးကင်းစကလေးငယ်များ အပါအဝင် ထိခိုက်လွယ်သော အခြေအနေရှိသူများသည် ဘေးကင်း၍ အာဟာရပြည့်ဝပြီး လုံလောက်သောအစားအစာများ တစ်နှစ်ပတ်လုံးရရှိနိုင်စေရန် ဆိုသည့်ရည်မှန်းချက်ကို ထိခိုက်စေလျက်ရှိပါသည်။

**စုပေါင်းဖြေရှင်းမှုဖြင့်**

၂၀၂၂ ခုနှစ်သည် ဖြစ်ပွားနေဆဲ ကိုဗစ်ကပ်ရောဂါ၊ ပဋိပက္ခများ၊ ရာသီဥတုပြောင်းလဲမှု၊ စီးပွားရေးကျဆင်းမှု မညီမျှမှု၊ ဆင်းရဲမွဲတေမှု၊ ကုန်ဈေးနှုန်းများမြင့်တက်နေမှုနှင့် နိုင်ငံတကာတင်းမာမှုများကြောင့် ကမ္ဘာ့လုံးဆိုင်ရာ အကျပ်အတည်းများနှင့် ရင်ဆိုင်နေကြရချိန်တွင် လူသားအားလုံးနှင့်သက်ဆိုင်သော ဖြေရှင်းမှုများ ယခင်ကထက် ပိုမိုလိုအပ်လာနေပြီဖြစ်သည်။ ပိုမိုကောင်းမွန်သောထုတ်လုပ်မှု၊ ပိုမိုကောင်းမွန်သည့်အာဟာရ၊ ပိုမိုကောင်းမွန်သော ပတ်ဝန်းကျင်နှင့် ပိုမိုကောင်းမွန်သည့် လူနေမှုဘဝများရရှိရန်ရည်ရွယ်၍ စိုက်ပျိုးရေးအခြေခံအစားအသောက်စနစ်များသို့ ပြောင်းလဲကြရမည်ဖြစ်သည်။ ယင်းသို့ ရေရှည်တည်တံ့၍ အလုံးစုံခြုံငုံသည့် ဖြေရှင်းမှုများကို အကောင်အထည်ဖော်ခြင်းဖြင့် ပိုမိုကောင်းမွန်သည့်အနာဂတ်ကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။

လက်ရှိဖြစ်ပွားနေသော အခြေအနေများသည် ကြိုတင်ကာကွယ်ရေး၊ ကြိုတင်မျှော်မှန်းချက်နှင့် ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှု၊ ရွှေ့ပြောင်းနေထိုင်မှု၊ လူဦးရေတိုးပွားလာမှုနှင့် အစားအစာစနစ်များ (food systems ) ပျက်စီးလာမှုအပါအဝင် စားနပ်ရိက္ခာဖူလုံရေးအကျပ်အတည်းများ၏ မူလဇာစ်မြစ်များကို စဉ်ဆက်မပြတ်ကိုင်တွယ်ဖြေရှင်းရန် ပူးပေါင်းလုပ်ဆောင်မှုနည်းလမ်းများ လိုအပ်နေကြောင်း USAID နှင့် ကမ္ဘာ့ဘဏ်အပါအဝင် the Global Network တည်ထောင်သည့် အဖွဲ့ဝင်များဖြစ်သည့် European Union၊ FAO၊ WFP တို့၏ အစီရင်ခံစာတွင် ဖော်ပြထားသည်ကို တွေ့ရပါသည်။

ယင်းအစီရင်ခံစာတွင် လတ်တလော စားနပ်ရိက္ခာအကျပ်အတည်းများလျော့ပါးရေးနှင့် ကာလရှည်ကြာဆိုးကျိုးဖြစ်စေလျက်ရှိသည့် နည်းလမ်းများ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ဖြေရှင်းမှုတစ်ရပ်အဖြစ် အသေးစားစိုက်ပျိုးရေးကဏ္ဍကို ပိုမိုဦးစားပေးရန် လိုအပ်ကြောင်း တိုက်တွန်းထားပါသည်။ ထို့အပြင် လူသားချင်းစာနာထောက်ထားမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းရေးထိန်းသိမ်းမှုများတွင် ပူးပေါင်းဆောင်ရွက်သည့်ချဉ်းကပ်မှုပုံစံကို အားပေးမြှင့်တင်ရမည်ဖြစ်ပါသည်။ အလားတူပင် ပဋိပက္ခများကို မီးလောင်ရာလေပင့်စေသည့် လုပ်ဆောင်မှုများကို ရှောင်ရှားခြင်းသည် ပြန်လည်ထူထောင်ရေးနှင့် ခံနိုင်ရည်ရှိမှုတည်ဆောက်ရေးကို အထောက်အကူဖြစ်စေသည်ဟုဆိုသည်။

လတ်တလော စားနပ်ရိက္ခာမလုံလောက်မှုနှင့် ကုန်ဈေးနှုန်းမြင့်တက်မှု အကျပ်အတည်းသည် နိုင်ငံတကာနှင့် ပြည်တွင်း၌ ဖြစ်ပွားနေသည့် ပဋိပက္ခများ၊ စစ်ပွဲများကြောင့်ဖြစ်သည်ကို ကိုယ်တွေ့ ကြုံနေကြရပါသည်။ ကမ္ဘာ့လူသားများ စားနပ်ရိက္ခာဖူလုံရေးအတွက် တိုက်တွန်းလှုံ့ဆော်နေကြသော်လည်း တစ်ဖက်တွင် စစ်ပွဲများ၊ ပဋိပက္ခများကို မလျှော့ချနိုင်သည့်အပြင် ပိုမိုကျယ်ပြန့်လာခြင်းမှာ ကုလသမဂ္ဂ၏ ရည်မှန်းချက်များ၊ နိုင်ငံအလိုက်၊ ဒေသအလိုက်ရည်မှန်းချက်များအတွက် အိတ်ပေါက်နှင့်ဖားကောက်သကဲ့သို့ အရာမထင်ဖြစ်နေသည့်အပြင် အချို့နေရာများတွင် ပိုမိုဆိုးရွားလာနေသည်ကို တွေ့ရသည်။

တိုးတက်မှုများကို မျှော်မှန်းလုပ်ဆောင်ရာတွင် အကျိုးဖြစ်စေသည်များကို လုပ်ဆောင်ရမည်ဖြစ်သကဲ့သို့ အကျိုးပျက်စေသည့် လုပ်ဆောင်မှုများကိုလည်း လျှော့ချရမည်ဖြစ်ပါသည်။ သို့ဖြစ်ရာ စားနပ်ရိက္ခာဖူလုံရေးဆောင်ရွက်ရာတွင် အတားအဆီးဖြစ်စေသည့် အရင်းခံအကြောင်းတရားများကိုင်တွယ်ဖြေရှင်းရေးကို ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ် ထည့်သွင်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ရေရှည်ဖြေရှင်းကြရမည့်အကြောင်းအရာများ၊ လတ်တလောဖြေရှင်းရမည့်အကြောင်းအရာများအလိုက် နိုင်ငံများအကြား ဟန်ချက်ညီစုပေါင်းဖြေရှင်းမှသာ ၂၀၃၀ မျှော်မှန်းချက်ဖြစ်သည့် ငတ်မွတ်မှုမရှိသောကမ္ဘာကို မျှော်မှန်းနိုင်မည်ဖြစ်ပါသည်။ ။

**ကိုးကား**


၁။ The State of Food Security and Nutrition in the World Report 2021၊ FAO

၂။ Global Report on Food Crises: acute food insecurity hits new highs၊ 2022၊ Global Network against food crisis


၃။ https://www.wfp.org/global–hunger–crisis


---

# မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများဆောင်ရွက်မှု ရှင်းလင်းဆွေးနွေး

**သန်လျင် အောက်တိုဘာ ၁၄**

သန်လျင်ခရိုင် မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ အောင်မြင်မှုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရန် ဝိုင်းဝန်းစောင့်ရှောက် ထိန်းသိမ်းရန် ဆွေးနွေးပွဲကို အောက်တိုဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီက သန်လျင်မြို့ရှိ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။



ဆွေးနွေးပွဲတွင် ခရိုင်ကျေးလက် ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဦးစီးမှူးဒေါ်အေးအေးကြူက သန်လျင်ခရိုင်အတွင်းရှိ ငါးမြို့နယ်မှ ကျေးရွာ ၁၄၃ ရွာကို လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ စီမံကိန်းအတိုးရ ငွေကျပ်သန်း ၃၅၀၀ ကျော်ရရှိပြီး အတိုးရငွေများထဲမှ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နိုင်သည့် ကျေးရွာ ၇၀ ရှိကာ လမ်းတံတားလုပ်ငန်း၊ ရေပေးရေးလုပ်ငန်း၊ ပညာရေးလုပ်ငန်း၊ မီးလင်းရေးလုပ်ငန်း၊ ကျေးရွာခန်းမတည်ဆောက်ရေး လုပ်ငန်းနှင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်း ၁၁၃ ခုကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ငါးလုပ်ငန်း ဦးစီးဌာန ခရိုင်ဦးစီးမှူးက စီမံကိန်းချေးငွေဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသေးစားစီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်နိုင်ကာ စီမံကိန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းအဖွဲ့နှင့်အတူ ဝိုင်းဝန်းထိန်းသိမ်းသွားရန် ဆွေးနွေးခဲ့ပြီး ဆောင်ရွက်ပြီးစီးမှုများကို လိုက်လံကြည့်ရှုခဲ့ကြသည်။

**တင်ဝင်းတင်**

---

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၄**

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင် (၂/ ၂၀၂၂) ပုံမှန်အစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၄**

မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင် (၂/၂၀၂၂) ပုံမှန်အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ယှဉ်ပြိုင်မှု ကော်မရှင်ဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက်အမှာစကား ပြောကြားသည်။



**မျက်ခြည်မပြတ်လေ့လာ**

ကော်မရှင်ဥက္ကဋ္ဌက ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးဆောင်ရွက်ကြသော နိုင်ငံများတွင် ယှဉ်ပြိုင်မှု ဥပဒေသည် အဓိကအရေးပါသော ဥပဒေတစ်ရပ် ဖြစ်၍ ဥပဒေသည် ခေတ်နှင့်လျော်ညီစေရန် ဥပဒေ၏ အားသာချက်၊ အားနည်းချက်များကို အစဉ်တစိုက် လေ့လာသုံးသပ်ရေး၊ အခြား နိုင်ငံအဖွဲ့အစည်းများ၏ ပြောင်းလဲမှုများကိုလည်း မျက်ခြည်မပြတ် လေ့လာထားရှိရေး၊ ကော်မရှင်တွင် သက်ဆိုင်ရာလုပ်ငန်း နယ်ပယ်အလိုက် ကျွမ်းကျင်သောပုဂ္ဂိုလ်များဖြင့် ပါဝင်ဖွဲ့စည်းထားသည့်အတွက် မိမိတို့၏ကျွမ်းကျင်မှု များကို အကောင်းဆုံး အသုံးချဆောင်ရွက်သွားရေး၊ ယှဉ်ပြိုင်မှုဥပဒေကို ထိရောက်စွာ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်သွား သင့်သည့် အစီအမံများ၊ နည်းလမ်းများ ချမှတ်ရေး၊ အာဆီယံဒေသတွင်းနိုင်ငံများအကြား အာဆီယံ ယှဉ်ပြိုင်မှု မူဘောင်သဘောတူစာချုပ် ရေးဆွဲရေး အတွက် ညှိနှိုင်းဆွေးနွေးမှုများတွင် ထိရောက်စွာ ပါဝင်ဆောင်ရွက်ရေး၊ ယှဉ်ပြိုင်မှုဥပဒေ အသိပညာ ပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက် သွားရေးတို့ကို ဆွေးနွေးပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ယခင်(၁/၂၀၂၂) ပုံမှန်အစည်း အဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီး မှုအခြေအနေများ၊ ၂၀၂၂ ခုနှစ်အတွင်း ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ အာဆီယံ ဒေသတွင်းနိုင်ငံများရှိ ယှဉ်ပြိုင်မှုဆိုင်ရာ အဖွဲ့အစည်း များနှင့် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများ၊ ယှဉ်ပြိုင်မှုဆိုင်ရာတိုင်ကြားလာသည့် အမှုကိစ္စရပ် များနှင့်စပ်လျဉ်း၍ ဖြေရှင်းဆောင်ရွက်မှု အခြေအနေ များနှင့် မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်၏ ရှေ့ဆက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ကော်မရှင်ရုံး တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး တင်ပြချက် များအပေါ် ကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ဆွေးနွေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင် ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာနရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းများ၌ သင်တန်းဆင်းပွဲများကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၄**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်းလေးကျောင်းတို့၌ ဆောက်လုပ်ရေး သင်တန်း၊ လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်းနှင့် လက်ကိုင်ဖုန်း ပြင် သင်တန်းဆင်းပွဲများကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ သင်တန်းကျောင်းများ၌ ကျင်းပဆောင်ရွက်ခဲ့ရာ ဘားအံမြို့ သင်တန်းကျောင်းတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ အောင်ပန်းမြို့ သင်တန်းကျောင်းတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ လပွတ္တာမြို့ သင်တန်း ကျောင်းတွင် ဧရာဝတီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းနိုင်၊ ပုဏ္ဏားကျွန်းမြို့ သင်တန်းကျောင်းတွင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်စံဝင်းတို့ တက်ရောက်၍ သင်တန်းဆင်း အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းကျောင်း လေးကျောင်းတွင် ဆောက်လုပ်ရေးသင်တန်းသား ၃၀၊ လျှပ်စစ် သင်တန်းသား သင်တန်းသူ ၄၇ ဦး၊ ဂဟေသင်တန်း သား ၄၇ ဦး၊ မော်တော်ယာဉ်စက်ပြင် သင်တန်းသား သင်တန်းသူ ၇၀၊ လက်ကိုင်ဖုန်းပြင်သင်တန်းသား ၁၆ ဦး စုစုပေါင်း ၂၁၀ ဖြင့် သင်တန်းကာလ ခြောက်လကြာ လက်တွေ့ခန်းသုံးပစ္စည်းများနှင့် သင်ထောက်ကူပစ္စည်းများ ပြည့်စုံစွာထောက်ပံ့ပေးပြီး နေထိုင်စားသောက်ရေး အခမဲ့ဖွင့်လှစ်သင်ကြားပေး ခဲ့ပြီး သင်တန်းထူးချွန်ဆုရရှိသူများနှင့် သင်တန်းသား များအတွက် သင်တန်းဆင်းအောင်လက်မှတ်များကို ချီးမြှင့်ပေးသည်။

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှု လက်မှုပညာသင်တန်းကျောင်း လေးကျောင်းတွင် ၂၀၂၂ ခုနှစ် မေ ၁၆ ရက်မှ အောက်တိုဘာ ၁၄ ရက် အထိ ရက်သတ္တ ၂၂ ပတ်ကြာ ကိုဗစ်-၁၉ စည်းကမ်း ချက်များနှင့်အညီ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး



ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ သင်တန်းဆင်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ဘဏ္ဍာနှစ်တစ်နှစ်လျှင် သင်တန်းနှစ်ကြိမ် ဖွင့်လှစ် ပေးလျက်ရှိရာ သင်တန်းကျောင်းများ စတင်ဖွင့်လှစ် ချိန်မှ ယခုသင်တန်းအထိ သင်တန်းသားစုစုပေါင်း ၆၀၇၇ ဦး သင်ကြားလေ့ကျင့် မွေးထုတ်ပေးခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးပညာရေးဒီဂရီကောလိပ် ပညာရေးဘွဲ့(စာပေးစာယူ) ပထမနှစ်သင်တန်းအမှတ်စဉ်(၂/၂၀၂၂) သင်တန်းသား သင်တန်းသူများ ကြိုဆိုပွဲအခမ်းအနား ကျင်းပ

**မန္တလေး အောက်တိုဘာ ၁၄**

မန္တလေးပညာရေးဒီဂရီကောလိပ် ပညာရေးဘွဲ့ (စာပေးစာယူ) ပထမနှစ် သင်တန်းအမှတ်စဉ် (၂/၂၀၂၂) သင်တန်းသား သင်တန်းသူများ ကြိုဆိုပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ် အဆိုပါကျောင်းရှိ ပညာတန်ဆောင်ခန်းမ၌ ကျင်းပသည်။



ဦးစွာ အခမ်းအနားကို သင်တန်းသား သင်တန်း သူများက ဂုဏ်ပြုသီချင်းသီဆို၍ ဖွင့်လှစ်သည်။

**ပြောကြား**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုက ကြိုဆိုအဖွင့်အမှာစကား ပြောကြား ရာတွင် သင်ကြားပေးရမည့် ဘာသာရပ်များနှင့် သင်ကြားနည်းများ ကျွမ်းကျင်ရန်၊ အသိပညာ၊ အတတ်ပညာများရရှိရန် သင်တန်းများဖွင့်လှစ် သင်ကြားပေးနေကြောင်း၊ တတ်သိနားလည်သည့် ပညာရပ်များကို အတွေ့အကြုံများအပေါ် အခြေခံပြီး အပြန်အလှန် ဆွေးနွေးမျှဝေကြရမည်ဖြစ်ကြောင်း၊ သင်ကြားပေးရုံသာမက လိမ္မာယဉ်ကျေးအောင်၊ စဉ်းစားတွေးခေါ်တတ်အောင်၊ အခက်အခဲကို ရင်ဆိုင် ဖြေရှင်းတတ်အောင်၊ အမှားအမှန်ချင့်ချိန်ဝေဖန် ခွဲခြားတတ်အောင် လေ့ကျင့်ပျိုးထောင်ပေးရမည် ဖြစ်ကြောင်း၊ စဉ်ဆက်မပြတ်လေ့လာဆည်းပူးမှု၊ ယုံကြည်ချက်ခိုင်မာမှု၊ ခံယူချက်မှန်ကန်မှု၊ ကြိုးစား အားထုတ်မှုများ ပေါင်းစပ်နိုင်မှသာ ဘဝကို အောင်မြင်စွာ တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ အလုပ်၊ တာဝန်နှင့်စည်းကမ်းများကို တန်ဖိုးထား လေးစားလိုက်နာကာ ဆရာ့ကျင့်ဝတ်များနှင့်အညီ အရည်အချင်းပြည့်ဝသည့် လမ်းပြကြယ်များ ဖြစ်အောင် ကြိုးစားရမည်ဖြစ်ကြောင်း ပြောကြား သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူများအတွက် ချီးမြှင့်ငွေကျပ် သိန်း ၂၀ ကို ပေးအပ်ကာ သင်တန်းသား သင်တန်းသူများ၏ သီဆိုကပြတင်ဆက်မှုကို ကြည့်ရှုအားပေးပြီး ရင်းနှီးစွာလိုက်လံနှုတ်ဆက်ခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ကမ္ဘာ့စံချိန်စံညွှန်းနေ့အခမ်းအနားနှင့် အမျိုးသားစံချိန်စံညွှန်းကောင်စီအစည်းအဝေး(၂/၂၀၂၂) ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၄

မြန်မာနိုင်ငံ၏ အမျိုးသားအရည်အသွေးဆိုင်ရာ အခြေခံအဆောက်အအုံတွင် အဓိကမဏ္ဍိုင်ကြီးများဖြစ်သော စံချိန်စံညွှန်းသတ်မှတ်ခြင်း (Standardization)၊ အသိအမှတ်ပြုခြင်း (Accreditation)၊ တိကျစွာတိုင်းတာခြင်း(Metrology)၊ ဓာတ်ခွဲတိုင်းတာခြင်း (Testing)နှင့် အရည်အသွေး ထောက်ခံချက်ပြုရေး(Certification) လုပ်ငန်းစဉ်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသားစံချိန်စံညွှန်းကောင်စီအဖွဲ့ဝင်များ၏ လမ်းညွှန်ချက်၊ အကြံပြုချက်များနှင့်အညီ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က ပြောကြားသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနက ကျင်းပသည့် ကမ္ဘာ့စံချိန်စံညွှန်းနေ့အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ M GALLERY Hotel ၌ ကျင်းပရာ အမျိုးသားစံချိန်စံညွှန်းကောင်စီဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က ယင်းသို့ပြောကြားခြင်းဖြစ်သည်။

ဆက်လက်၍ ဒေသတွင်း တိကျစွာတိုင်းတာမှုနည်းပညာဆိုင်ရာအဖွဲ့နှင့် အသိအမှတ်ပြုအဖွဲ့များဖြစ်သော Asia Pacific Accreditation Cooperation နှင့် Asia Pacific Metrology Programe တို့၏ အဖွဲ့ဝင်များအဖြစ်ဝင်ရောက်ပြီး အဖွဲ့ဝင်အဖြစ်ခိုင်မာစွာ ရပ်တည်နိုင်မည့်လုပ်ငန်းစဉ်များ၊ capacity building program များ ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတွင်း အရည်အသွေးကိုက်ညီမှု အစီအစဉ်များကို နိုင်ငံတကာမှ လက်ခံနိုင်မှာဖြစ်ပြီး ကုန်သွယ်မှုတွင် ကြုံတွေ့ရသည့် နည်းပညာအခက်အခဲများကို ကျော်လွှားနိုင်ခြင်း၊ ကုန်ကျစရိတ်သက်သာစေခြင်း၊ အချိန်နှောင့်နှေးမှုမရှိခြင်းနှင့် ဈေးကွက်တွင် ယုံကြည်မှုရရှိစေခြင်းတို့ကြောင့် ကုန်သွယ်မှုကို လွယ်ကူချောမွေ့စေမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းအဖွဲ့ကြီး၏ Secretary General Mr Sergio Mujica ၏ World Standards Day (2022) message နှင့် ISO ၏ World Standards Day (2022) ဆိုင်ရာ ဗီဒီယိုမှတ်တမ်းပြသခြင်း၊ အမျိုးသားအဆင့် အရည်အသွေးဆိုင်ရာ အခြေခံအဆောက်အအုံနှင့်ပတ်သက်၍ Panel Discussion တွင် တာဝန်ရှိသူများက အမျိုးသားအဆင့်အရည်အသွေး အခြေခံအဆောက်အအုံ ခိုင်မာအားကောင်းစေရေးအတွက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ အမျိုးသားအဆင့်အရည်အသွေး ထောက်ခံချက်ပြုရေးလုပ်ငန်းစဉ်များ၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများမှ ထုတ်လုပ်မှုအလေ့အကျင့်သို့ ကူးပြောင်းခြင်း၊ မြန်မာနိုင်ငံရှိ ဘေးအန္တရာယ်ကင်းသော စားသောက်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရေး လိုအပ်သောအကြံပြုချက်များအား ဆွေးနွေးတင်ပြကြပြီး အမျိုးသားအဆင့်အရည်အသွေး ထောက်ခံချက်ပြုရေးအဖွဲ့တွင် သတ်မှတ်သုံးစွဲမည့် Logo အား Logo Competition ပြိုင်ပွဲကျင်းပ၍ ရွေးချယ်ခဲ့ကြပြီး ဆုရရှိသူများအား ဆုချီးမြှင့်သည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာသည့် ဧည့်သည်တော်များက အမျိုးသားအဆင့်အရည်အသွေး အခြေခံအဆောက်အအုံဆိုင်ရာ လုပ်ငန်းစဉ်နှင့်ပတ်သက်၍ ပိုစတာများပြသခြင်းကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါအခမ်းအနားသို့ အမျိုးသားစံချိန်စံညွှန်းကောင်စီအဖွဲ့ဝင်များ၊ နည်းပညာဆပ်ကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အစိုးရ-ပုဂ္ဂလိကကဏ္ဍများ၊ အဖွဲ့အစည်းများ၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့်ဦးစီးဌာနများ၊ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မွန်းလွဲပိုင်းတွင် အမျိုးသားစံချိန်စံညွှန်းကောင်စီ (၂/၂၀၂၂) အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်သူများအတွက် တည်ငြိမ်ပြည့်ဝသော လျှပ်စစ်ဓာတ်အားများ လုံလောက်စွာထုတ်လုပ်ပေးနိုင်ရေး အလေးပေးဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၄**

လာမည့် နွေရာသီကာလအတွင်း ပြည်သူများအတွက် တည်ငြိမ်ပြည့်ဝသော လျှပ်စစ်ဓာတ်အားများ လုံလောက်စွာ ထုတ်လုပ်ပေးနိုင်ရေး အလေးပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ ယခုကာလမှစ၍ ရေလှောင်တမံအတွင်း ရေများ စုဆောင်းထားရှိရမည် ဖြစ်ကြောင်း၊ ရေအားလျှပ်စစ်တာဘိုင်နှင့် ဂျင်နရေတာများအား ဓာတ်အား ထုတ်လုပ်ချိန်တွင် စွမ်းရည်မြင့်မားစွာ ထုတ်လုပ်နိုင်ရေးအတွက် ကြိုတင်ပြုပြင်၍ အသင့်ပြင်ဆင်ထားရန် လိုအပ်ကြောင်း၊ ယင်းသို့ စက်စွမ်းရည်များ မြှင့်တင်သလို ဝန်ထမ်းများ၏ အင်ဂျင်နီယာ နည်းပညာစွမ်းရည်များအား မြှင့်တင်ကြရန်နှင့် ကြီးကြပ်သူများက မျိုးဆက်သစ်ဝန်ထမ်းငယ်များအား မွေ့ခံထိုက်စေဖြစ်စေရေးအတွက် အစဉ်လေ့ကျင့် ပျိုးထောင်သွားကြရန် အထူးလိုအပ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက ပြောကြားသည်။

**သွားရောက်ကြည့်ရှု**

အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်အတွင်းရှိ ကွန်းချောင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက ထိုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက စက်ရုံရေရှည်တည်တံ့ခိုင်မြဲရေး အစဉ်မပြတ် ပြုပြင်ထိန်းသိမ်းရန်နှင့် Switchgear နှင့် Control Panel များ ပုံမှန်ပြုပြင်ထိန်းသိမ်းသွားရန် လုံခြုံရေး အသိ၊ သတိရှိကြရန် လိုအပ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းများဆောင်ရွက်ရန်၊ စက်ရုံနှင့် ဝန်ထမ်းအိမ်ရာများ သန့်ရှင်းသာယာလှပရေး ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများ မိသားစုသဖွယ် ရင်းနှီးပြေလည်စွာ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားပြီး ဝန်ထမ်းများကို ဂုဏ်ပြုသစ်သီးခြင်းနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။




ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့် အဖွဲ့သည် Transformer Yard အတွင်း ဓာတ်အားဖြန့်ဖြူးပေးထားမှုကို ကြည့်ရှုစစ်ဆေးပြီး Transformer နှင့် ဆက်စပ်ပစ္စည်းများ၊ စက်ရုံ၊ Switchyard တို့နှင့် ချိတ်ဆက်သည့် တာဝါတိုင်နှင့် ဆက်စပ်ပစ္စည်းများ၊ Underground Cable များအား အမြဲမပြတ်ထိန်းသိမ်းရန်၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး ဦးစားပေးဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

အဆိုပါ ကွန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၏ အနောက်တောင်ဘက် ကိုးမိုင်ခန့်အကွာ ကွန်းချောင်းပေါ်တွင် တည်ဆောက်ထားပြီး ရေလှောင်တမံမှာ ကျောက်ဖြည့်တမံ အမျိုးအစားဖြစ်၍ ကန်ရေပြည့် ရေသိုလှောင်ပမာဏမှာ ဧကပေ ၉၅၅၀၀၀ သိုလှောင်နိုင်ပြီး နှစ်စဉ် စီးဝင်ရေ ဧကပေ ၆၀၀၀၀၀ စီးဝင်ကာ စိုက်ပျိုးရေပေးဝေသော စိုက်ဧက ၁၁၀၀၀၀ သို့ ရေပေးဝေလျက် တပ်ဆင်အင်အား အနေဖြင့် ၂၀ မဂ္ဂါဝပ်၊ ဓာတ်အားပေးစက်သုံးလုံး၊ ၆၀ မဂ္ဂါဝပ်မှ နိုင်ငံတော် ဓာတ်အားကွန်ရက်စနစ်အတွင်းသို့ တစ်နှစ်လျှင် ပျမ်းမျှလျှပ်စစ် ဓာတ်အား ၁၉၀ ကီလိုဝပ် နာရီ သန်းခန့် ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# လပွတ္တာမြို့နယ်၌ မုန်တိုင်းသဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်

လပွတ္တာ အောက်တိုဘာ ၁၄

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင်မီးသတ်ဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့ ပူးပေါင်းပြီး အောက်တိုဘာ ၁၃ ရက် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အထိမ်းအမှတ်အဖြစ် လပွတ္တာမြို့နယ် ဇင်ရွဲလေးကျေးရွာရှိ ဆိုင်ကလုန်းရှယ်တာတွင် မုန်တိုင်းသဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။



လပွတ္တာခရိုင် မီးသတ်ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မျိုးမြင့်က ဘေးအန္တရာယ်ကြုံတွေ့လာပါက အချိန်နှင့်တစ်ပြေးညီ လျင်မြန်စွာ တုံ့ပြန်ဖြေရှင်းပေးနိုင်ရန် လေ့ကျင့်မှုများ ပြုလုပ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး ရှာဖွေကယ်ဆယ်ရေးတပ်စု ၃၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀၊ မြို့နယ်သဘာဝဘေးစီမံခန့်ခွဲရေးအဖွဲ့၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ နယ်မြေခံတပ်မတော်သားများနှင့် လပွတ္တာမြို့နယ်ကြက်ခြေနီတပ်ဖွဲ့တို့ပူးပေါင်းကာ ရှာဖွေကယ်ဆယ်ရေးပစ္စည်းများအသုံးပြု၍ ကယ်ဆယ်ခြင်း၊ လူနာများအား ရှေးဦးပြုစုခြင်းနည်းများဖြင့် အသက်ကယ်နည်းတို့အား လက်တွေ့သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ကြို့ပင်ကောက်မြို့၌ လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေး ရက်တိုသင်တန်းဖွင့်

ကြို့ပင်ကောက် အောက်တိုဘာ ၁၄

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေး ရက်တိုသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနား၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇင်မင်းဋ္ဌေးက အဖွင့်အမှာစကားပြောကြားပြီး သာယာဝတီခရိုင် အမှတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စိတ်မှူး ရဲအုပ်ဥက္ကာသွင်က လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးလုပ်ငန်းစဉ်များ ထိရောက်အောင်မြင်စေရေးအတွက် ရည်ရွယ်ပြီး ယခုလိုရက်တိုသင်တန်းများ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်းပြောကြားပြီး လူကုန်ကူးမှုဖြစ်စဉ်များ ဖြစ်ပေါ်လာရခြင်းအကြောင်းများ၊ လူကုန်ကူးမှုနှင့်သက်ဆိုင်သော ဥပဒေ၊ နည်းဥပဒေများအား ကိုယ်တွေ့ဖြစ်ရပ်များနှင့် အသေးစိတ်ရှင်းလင်း၍ အသိပညာပေး သင်ကြားပေးခဲ့သည်။

အဆိုပါရက်တိုသင်တန်းတွင် သင်တန်းသား ၁၄၀ အား အောက်တိုဘာ ၁၄ ရက်မှ ၁၆ ရက်အထိ စာတွေ့နှင့် လက်တွေ့ဖြစ်ရပ်များကို ပရိုဂျက်တာဖြင့် ပြသသင်ကြားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၄**

(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဗဟိုအဆင့်) စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

ယခုနှစ်ကျင်းပသည့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် ပြိုင်ပွဲဝင်များ၏ အဆင့်သတ်မှတ်ချက်ကို အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၊ ဝါသနာရှင်အဆင့် (ပထမတန်း)၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း)နှင့် အဆင့်မြင့်ပညာအဆင့်ဟူ၍ သတ်မှတ်ထားကြောင်း၊ ဆုချီးမြှင့်ရေးနှင့် ပတ်သက်၍လည်း ယခင်နှစ်များထက် ပိုမိုသည့် ဆုကြေးငွေများ ချီးမြှင့်နိုင်ရန် ဆောင်ရွက်ထားကြောင်းနှင့် ဂုဏ်ပြုလက်မှတ်နှင့် ဆုတံဆိပ်များကို ပိုမိုတင့်တယ်မှု ရှိစေရန် စီစဉ်ထားကြောင်း သိရသည်။

ယနေ့တွင် **“မဟာဂီတ” တေးသီချင်းအဆိုပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) Banquet Hall ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “စက်လဲဘုံဘွေ”(ပတ်ပျိုး)ဖြင့် လည်းကောင်း၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဇမ္ဗူကျွန်းလုံး” (သီချင်းခံ) ဖြင့် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က “ပန်းမြိုင်လယ်” (ယိုးဒယား) ဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “စိန်ကြယ်ညီးလင်း”(မွန်) ဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “အောင်မြေမြမန်း”(ပတ်ပျိုး) ဖြင့် လည်းကောင်း၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မြိုင်ခြေတစ်ခွင်”(ပတ်ပျိုး) ဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ်မှ ပြိုင်ပွဲဝင်က “ဘုန်းမိုးသွန်းလောင်း” (သီချင်းခံ) ဖြင့် လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က “ပန်းပေဟဝန်”(ယိုးဒယား) ဖြင့် လည်းကောင်း သာယာငြိမ့်ညောင်းသည့် မြန်မာ့ဂီတရသကို ဖော်ကျူးသီဆို ယှဉ်ပြိုင်ကြသည်။

**“ကာလပေါ်” တေးသီချင်းအဆိုပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) Signing Room ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ချစ်ရတုထံတျာ” သီချင်းဖြင့် လည်းကောင်း၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “စိမ်း” သီချင်းဖြင့် လည်းကောင်း၊ မွန်ပြည်နယ်နှင့် မန္တလေးတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဖိုးလမင်းကို အောင်သွယ်ခိုင်းမယ်” သီချင်းဖြင့် လည်းကောင်း၊ စစ်ကိုင်းတိုင်း



ဇာတ်တော်ကြီးပြိုင်ပွဲ ရာမာယဏဇာတ်တော်ကြီး ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြု ဖျာပုံရာမာယဏဇာတ်တော်ကြီးအဖွဲ့ ယှဉ်ပြိုင်စဉ်။

ဒေသကြီးမှ ပြိုင်ပွဲဝင်က “အမိုက်မလေးငှက်ငယ်” သီချင်းဖြင့် လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ရွှေတိဂုံသမိုင်း” သီချင်းဖြင့် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “တစ်ဆောင်းသစ်ပြန်ပြီ” သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဆုတောင်းပါလေ အိမ်သူဆွေ” သီချင်းဖြင့် လည်းကောင်း၊ မွန်ပြည်နယ်မှ ပြိုင်ပွဲဝင်က “ဖူးပွင့်ဝေစီဆယ့်နှစ်ရာသီ” သီချင်းဖြင့် လည်းကောင်း၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ရွှေပန်းချီကားတိုင်းပြည်” သီချင်းဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “သည်နွေ၊ သည်မိုး၊ သည်ဆောင်း” သီချင်းဖြင့် လည်းကောင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မြန်မာသာကီရဲ့သွေးနီ” သီချင်းဖြင့် လည်းကောင်း၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဖူးရွှေလက်တင်” သီချင်းဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဘုတ်တလုတ်ကန်” သီချင်းဖြင့် လည်းကောင်း ဖော်ကျူးသီဆို ယှဉ်ပြိုင်ကြသည်။



မဟာဂီတတေးသီချင်းအဆိုပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။

**အကပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၂) Plenary Hall ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက ခေါင်း၊ ခါး၊ ခြေ၊ လက် အချိုးအဆစ် ညီညာစွာ အသုံးပြု၍ ငြိမ့်ညောင်းသည့် ကကွက်များဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက ခေါင်း၊ ခါး၊ ခြေ၊လက် အချိုးအဆစ် ညီညာစွာအသုံးပြု၍ ကကြိုးကကွက် စုံလင်စွာဖြင့် လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**ရုပ်သေးကြိုးဆွဲပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန(၂) Plenary Hall ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း)အမျိုးသားပြိုင်ပွဲတွင် မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မင်းသား” ကြိုးဆွဲရုပ်သေးရုပ်ဖြင့် လည်းကောင်း၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဇော်ဂျီ” ကြိုးဆွဲရုပ်သေးရုပ်ဖြင့် လည်းကောင်း ကကြိုးကကွက် စုံလင်စွာ ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲဝင်များအားလုံး ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် “မင်းသမီး” ကြိုးဆွဲရုပ်သေးရုပ်ဖြင့် ဆက်လက်ယှဉ်ပြိုင်ကြသည်။

ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မင်းသား” ကြိုးဆွဲရုပ်သေးရုပ်ဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဇော်ဂျီ” ကြိုးဆွဲရုပ်သေးရုပ်ဖြင့် လည်းကောင်း ကကြိုးကကွက် စုံလင်စွာဖြင့် ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲဝင်များအားလုံး ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် “မင်းသမီး” ကြိုးဆွဲရုပ်သေးရုပ်ဖြင့်လည်း ဆက်လက်ယှဉ်ပြိုင်ကြသည်။

**ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ကျင်းပရာ “ငါးပါဒအကျွရာ” ဇာတ်တော်ကြီး ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု မန်းသိင်္ဂါရုပ်စုံ သဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြ ယှဉ်ပြိုင်ကြသည်။ **စာမျက်နှာ ၁၁ သို့** ❂




ရုပ်သေးကြိုးဆွဲပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။



ဒိုးပတ်ပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်အဖွဲ့ ယှဉ်ပြိုင်စဉ်။

❂ စာမျက်နှာ ၁၀ မှ

**ဇာတ်တော်ကြီး** ပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ "ရာမာယဏ" ဇာတ်တော်ကြီး ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြု ဖျာပုံရာမာယဏဇာတ်တော်ကြီးအဖွဲ့က မူရင်းရာမာယဏဇာတ်တော်ကြီး၏ တီးလုံးတီးချက်များကို မြန်မာ့ဇာတ်သဘင်၏ ဆို ဝို ပြော ပညာရပ်များ၊ အကအလှများနှင့်အနုပညာ ရသမြောက်ပေါင်းစပ်ပြီး ယှဉ်ပြိုင်ကြသည်။

**အရေးပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) ပြိုင်ပွဲတွင် ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မွေခံထိုက်စေ" ခေါင်းစဉ်ဖြင့် ဂီတရသစုံလင်စွာ ဖော်ကျူးတေးဖွဲ့ ယှဉ်ပြိုင်ကြသည်။

**ဒိုးပတ်ပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ (လေ့ကျင့်ရေးဇာတ်ရုံ)၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်အဖွဲ့များက လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်အဖွဲ့များက လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း)ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်အဖွဲ့များက လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်အဖွဲ့များက လည်းကောင်း မြူးကြွသွက်လက်သည့် ဒိုးပတ်သံသာများဖြင့် တီးခတ်ယှဉ်ပြိုင်ကြသည်။

**ပတ္တလား အတီးပြိုင်ပွဲ**ကို အမျိုးသားပြတိုက်(နေပြည်တော်)ရှိ Mini Theatre ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့်ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရဝိန်ဒေါင်းယာဉ်ပျံ" (ပတ်ပျိုး)ဖြင့် လည်းကောင်း၊




ပတ္တလားအတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။

ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဆန်းဆန်းသဏ္ဌာကြာညောင်" (ယိုးဒယား) ဖြင့် လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ပြည်ပြည်မင်းပေါင်း"(သီချင်းခံ) ဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရဝိန်ဒေါင်းယာဉ်ပျံ"(ပတ်ပျိုး)ဖြင့် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ပြည်ပြည်မင်းပေါင်း" (ပတ်ပျိုး) ဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "မြန်သပြေဖွေတကျွန်းခြားမြေ"(ယိုးဒယား) ဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဆီးနှင်းပြိုက်ကျ"(ကြိုး)ဖြင့် လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ညဥ့်သုံးယံခါ" (ပတ်ပျိုး) ဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကယားပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဆီးနှင်းပြိုက်ကျ"(ကြိုး) ဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ်မှ ပြိုင်ပွဲဝင်က "မြန်သပြေဖွေတကျွန်းခြားမြေ"(ယိုးဒယား) ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ညဥ့်သုံးယံခါ" (ပတ်ပျိုး) ဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ပြောင်ပြောင်နာဂိန်" (ကြိုး)ဖြင့် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "အတိုင်းမသိမင်္ဂလာ"(ဘွဲ့) ဖြင့် လည်းကောင်း၊ မွန်ပြည်နယ်မှ ပြိုင်ပွဲဝင်က "လူမနော"(ပတ်ပျိုး) ဖြင့် လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

**တယော အတီးပြိုင်ပွဲ**ကို အမျိုးသား စာကြည့်တိုက် (နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် မွန်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "တောမြိုင်စွန်း"(ယိုးဒယား) ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ခိုင်ပန်းစုံမှုန်မာလာ" (ယိုးဒယား)ဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးနှင့်မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဖြေလျော့ခွေ"(ပတ်ပျိုး) ဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "မြနန္ဒာ" (ကာလပေါ်) ဖြင့် လည်းကောင်း၊ ကချင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရွှေဘုန်းရွှေဘုန်းတော်လေတည့်မှ"(ကြိုး) ဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "စက်လဲပျော်ပါနိုင်"(ယိုးဒယား)ဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "မေတ္တာလွှမ်းခြုံ" (မြန်မာ့အသံအဖွဲ့) ဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဇေယျာအောင်ချာ"(ကြိုး) ဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ကောက်စိုက်မ" (စိန်ပါတီ) ဖြင့် လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဆန်းနွေဦး"(ယိုးဒယား) ဖြင့် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "သိင်္ဂါရွှေရောင်" (ပတ်ပျိုး)ဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ဆန်းနွေဦး"(ယိုးဒယား) ဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ကောက်စိုက်မ"(စိန်ပါတီ) ဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ဆန်းဆန်းသဏ္ဌာကြာညောင်" (မိုးဘွဲ့ယိုးဒယား) ဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဆန်းဆန်းသဏ္ဌာကြာညောင်" (မိုးဘွဲ့ယိုးဒယား) ဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "စိမ်းလဲ့လဲ့ညိုပြာ" (ကြိုး)ဖြင့် လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**မယ်ဒလင် အတီးပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) News Briefing Room ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "မှုန်ပြာဝေ"(ယိုးဒယား) ဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ပြည်ပြည်မင်းပေါင်း"(သီချင်းခံ)ဖြင့် လည်းကောင်း၊ မွန်ပြည်နယ်မှ ပြိုင်ပွဲဝင်က "ဘုန်းမိုးသွန်းလောင်း" (သီချင်းခံ) ဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ပုံပမာ"(ကြိုး) ဖြင့် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ဘုန်းမိုးသွန်းလောင်း" (သီချင်းခံ) ဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ဘုံဆောင်မြင့်" (ကြိုး) ဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဘုံဆောင်မြင့်" (ကြိုး)ဖြင့် လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

ယနေ့ပြိုင်ပွဲများ ကျင်းပရာနေရာအသီးသီးသို့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှတိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးဝန်ကြီးများနှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှု အားပေးခဲ့ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၉)ရပ်တွင် ပါဝင်သော လူမှုရေးဦးတည်ချက်ဖြစ်သည့် "တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး"ဆိုသည့် ဦးတည်ချက်အတိုင်း (၂၃)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှုအဆိုအက၊အရေး၊ အတီးပြိုင်ပွဲကြီးကို နိုင်ငံတော်အဆင့်အနေဖြင့်ခမ်းနားသိုက်မြိုက်စွာ ကျင်းပပေးလျက်ရှိသည်။

ဂုဏ်ယူဖွယ်ရာ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာပန်းခင်းကြီးဟု တင်စားရမည့် မြန်မာရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို ကျင်းပပေးခြင်းအားဖြင့် မြန်မာတိုင်းရင်းသားတို့၏ ကိုယ်ပိုင်အမျိုးသားရေးစရိုက်လက္ခဏာများနှင့် အဆင့်အတန်းမြင့်မားသည့် လူမှုရေးစံနှုန်းများကို ဆက်လက်ထိန်းသိမ်းနိုင်ခြင်း၊ သိမ်မွေ့နက်ရှိုင်းသည့် မြန်မာမှု အနုပညာရပ်များကို လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်သွားမည့် မျိုးဆက်သစ်လူငယ်များစွာ ပေါ်ထွန်းလာခြင်း၊ အနာဂတ်မြန်မာ့လူ့အဖွဲ့အစည်းအတွက် ယဉ်ကျေးမှုအမွေခံ ပတ်ဝန်းကျင်ကောင်းတစ်ရပ်ကို ဖော်ထုတ်ပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိစေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အမွေကောင်းများ ပေးဝေချိန်

* နှစ်ဆယ့်သုံးကြိမ်
ဂုဏ်ရှိန်ဝင့်ပြီး
အားမာန်ကြီးသည့်
ခရီးရှည်ရှည် ချီတက်မည်။
* နိုင်ငံ့သည်းပွတ်
ဘဝင်ညွတ်မည့်
ခူးဆွတ်အောင်ခန်း
"ဆို က ရေး တီး" ပန်းကို
လန်းလန်းလှလှ ရကြစေ။
ပြည်နယ်၊တိုင်းတို့ မျှကြစေ။
* ယဉ်ကျေးသိမ်မွေ့
မြန်မာ့ဓလေ့ကို
ကဲ့လည်းပြ
ဆို၍ပြပြီး
ခင်းကြဇာတ်ကြီး
ရုပ်သေးမငြီးစရာ
ဆိုင်းဝိုင်းမှာခမ်းနား
စောင်းကားငြိမ့်ညောင်း၊
ပတ္တလားကောင်းသည်နှင့်
စန္ဒရားသာရှင်
လေပြည်ဆင်သို့
နားဝင်ပီယ
ကွက်စိပ်ကကောင်း
အားလုံးပေါင်းသော်
ပြည်ကောင်းစေဖို့ ရည်ရွယ်သည်
အမွေကောင်းတို့ ပေးဝေသည်။

ရွှေကူနန်းနွဲ့နွဲ့
မဟာဂီတ

# မဲဆန္ဒရှင်စာရင်းပြည့်စုံမှန်ကန်ရေးနှင့်မဲရုံများလျာထားသတ်မှတ်ခြင်း ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၄**

ဖျာပုံခရိုင်အတွင်းရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများအား ဥပဒေနှင့်အညီ စက်တင်ဘာလကုန်ထိ လစဉ်စိစစ်ပြုစုထားသည့် လူဦးရေစာရင်းများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် ဖျာပုံခရိုင် အတွင်းရှိ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများက ပူးပေါင်း စိစစ်ဆောင်ရွက်ထားမှုများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက ဖျာပုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရောဝတီတိုင်းဒေသကြီးတာဝန်ခံ ဦးသန်းထွန်း၊ အဖွဲ့ဝင် ဦးအောင်လွင်ဦးတို့ တက်ရောက်သည်။

အစည်းအဝေးတွင် ဖျာပုံခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရွေးကောက်ပွဲအရာရှိက အခြေခံမဲဆန္ဒရှင်စာရင်းများ လစဉ်စိစစ်ဆောင်ရွက်မှုနှင့် စပ်လျဉ်းပြီး စက်တင်ဘာလအထိတင်ပြရာ-

(၁) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ စိစစ်ချက်အရ

(က) သေဆုံး၊ပြောင်းထွက်၊ (၂) ကြိမ်ထပ်၊ (၃) ကြိမ်ထပ်တို့မှ လျော့သည့် လူဦးရေ (၁၇၅၅) ဦး

( ခ) လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဦးစီးဌာန လက်ကျန်စာရင်းမှ ပြန်လည်ထည့်သွင်းသည့်ထပ်တိုးလူဦးရေ (၅၅၂) ဦး

( ဂ) စက်တင်ဘာလအတွင်း မြေပြင်လူဦးရေ (၁၀၁၂၉၇၄) ဦး

(၂) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စိစစ်ချက်အရ

(က) မြေပြင်ထပ်တိုး

– ပုံစံ (၆၆/၆) ရှိသူ (၈၅၇၁) ဦး

– ပုံစံ (၆၆/၆) အခြားနှင့် (၆၆/၆) မရှိသူ (၃၉၂) ဦး

**စုစုပေါင်းမြေပြင်ထပ်တိုး (၉၁၅၅) ဦး**

( ခ) မြေပြင်တွင် လျော့သည့်ဦးရေ

–ပုံစံ (၆၆/၆) ရှိသူ (၁၇၀၉) ဦး

–ပုံစံ (၆၆/၆) အခြားနှင့် (၆၆/၆) မရှိသူ (၄၆၄) ဦး

**စုစုပေါင်းမြေပြင်လျော့သည့်ဦးရေ (၂၁၃၃) ဦး**

မဲရုံတည်နေရာနှင့် မဲရုံအရေအတွက်လျာထားမှု (၁၀၅၄) ရုံ လျာထားသတ်မှတ်ထားကြောင်းနှင့် မဲရုံသုံးပစ္စည်းလိုအပ်ချက်တို့ကို တင်ပြဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာကြသော ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက အကြံပြုဆွေးနွေးခဲ့ကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်မှာကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



အလားတူ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မဲဆန္ဒရှင်စာရင်းများစိစစ်ခြင်းနှင့် မဲရုံတည်နေရာများအတည်ပြုသတ်မှတ်ခြင်း ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် ပဲခူးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုးဦးနှင့် ဦးတင်မောင်ဆွေ၊ ပဲခူးမြို့နယ်တပ်နယ်မှူး ဗိုလ်မှူးကြီး ဆန်းညွန့်လှိုင်၊ ပဲခူးတိုင်းဒေသကြီးနှင့် ပဲခူးခရိုင်ရွေးကောက်ပွဲအရာရှိများ၊ ညောင်လေးပင်ခရိုင်နှင့် ပဲခူးခရိုင်တို့မှ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဦးစီးမှူးများ၊ ပဲခူး၊ ရွှေကျင်၊ ကျောက်တံခါး၊ ညောင်လေးပင်၊ ဒိုက်ဦး၊ ဝေါ၊ သနပ်ပင်၊ ကဝ တို့မှ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ရွေးကောက်ပွဲအရာရှိများနှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဦးစီးမှူးများ၊ ပဲခူးမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု ၁၀၄ အုပ်စုမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အဖွဲ့ဝင်များက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသူများက မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေး၊ မဲရုံတည်နေရာ သတ်မှတ်အတည်ပြုနိုင်ရေးနှင့် မဲရုံသုံးပစ္စည်းများ လိုအပ်ချက်တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။**သတင်းစဉ်**

# "Right Information Saves and Empowers ASEAN" (RISE ASEAN) ဗီဒီယိုတိုပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၄**

အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ခရီးသွားလုပ်ငန်း၊ ပညာရေးစသည့်ကဏ္ဍကြီးများဖွံ့ဖြိုးတိုးတက်ရေးအတွက် တိကျမှန်ကန်သော သတင်းများဖြင့် ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ "Right Information Saves and Empowers ASEAN" (RISE ASEAN) ဗီဒီယိုတိုပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူများ၊ ဆုရွေးချယ်ရေး အကဲဖြတ် ဒိုင်အဖွဲ့ဝင်များနှင့် ဆုရရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ကမ္ဘာတစ်ဝန်း ဖြစ်ပွားခဲ့သည့် ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီးကြောင့် လူအများအသက်ဆုံးရှုံးမှုအပါအဝင် စီးပွားရေးမှစ၍ နယ်ပယ်များစွာတွင် ထိခိုက်နစ်နာဆုံးရှုံးမှုများ ကြုံတွေ့ကြရကြောင်း၊ တစ်ချိန်တည်းတွင် Social Media များမှတစ်ဆင့် သတင်းတု၊ သတင်းမှားများ၏ အန္တရာယ်ကိုလည်း ရင်ဆိုင်ကြုံတွေ့နေကြရကြောင်း၊ အဆိုပါ သတင်းတု၊ သတင်းမှားများ အန္တရာယ်ကို တိကျသော သတင်းမှန်များဖြင့် ထိရောက်စွာ တုံ့ပြန်နိုင်ခြင်းဖြင့် ပြည်သူများအကြား အသိပညာပေးရန် လိုအပ်ကြောင်း၊ အာဆီယံနိုင်ငံများအနက် ဖိလစ်ပိုင်နိုင်ငံမှ Project Coordinating Country အဖြစ် တာဝန်ခံဆောင်ရွက်သည့် "Short Video Contest" ဗီဒီယိုတိုပြိုင်ပွဲကို နိုင်ငံအလိုက်ကျင်းပရန် အာဆီယံအဖွဲ့ဝင်များ ညှိနှိုင်းသဘောတူခဲ့ကြသဖြင့် ယင်းစီမံကိန်းကို မြန်မာနိုင်ငံအတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ MITV ဌာနခွဲက စီမံကိန်းတာဝန်ခံ (Focal Person) အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က "Countering the Infodemic" ခေါင်းစဉ်ဖြင့် ပထမဆုရရှိသူ မောင်သူထူးဇင်အား ဆုငွေကျပ် ၁၅ သိန်း၊ "Awareness on Fake News" ခေါင်းစဉ်ဖြင့် ဒုတိယဆုရရှိသူ မောင်ထိန်လင်းဦးအား ဆုငွေကျပ် ၁၀သိန်းနှင့်"T.H.I.N.K" ခေါင်းစဉ်ဖြင့် တတိယဆုရရှိသူ မသစ်မွှေးအောင်အား ဆုငွေကျပ် ရှစ်သိန်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

"Right Information Saves and Empowers ASEAN" (RISE ASEAN) ဗီဒီယိုတိုပြိုင်ပွဲအား အာဆီယံလူမှုအသိုက်အဝန်းအတွင်း သတင်းတု၊ သတင်းမှားများ၏ အန္တရာယ်ကို တိကျသော သတင်းမှန်များဖြင့် Social Media အပါအဝင် Platform များမှ ထိရောက်စွာ တုံ့ပြန်နိုင်ရေး၊ သတင်းမှန်များကို သိရှိနားလည်စေပြီး ဒေသတွင်း ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ခရီးသွားလုပ်ငန်း၊ ပညာရေးစသည့် ကဏ္ဍကြီးများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန်နှင့် အသိပညာပေးခြင်းမှတစ်ဆင့် စီမံကိန်းတွင် လူငယ်ထုများ ပါဝင်လာခြင်းဖြင့် ဒေသတွင်းအကျိုးစီးပွားကို မြှင့်တင်ဆောင်ရွက်သွားရန် ရည်ရွယ်ချက်ဖြင့် အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်း ဝါသနာရှင်အဆင့်နှင့် ပညာရှင်အဆင့် လူငယ်များအား ဖိတ်ခေါ်ကာ ကျင်းပခြင်း ဖြစ်ကြောင်း သိရသည်။




နိုင်ငံအလိုက် ဆုရပြိုင်ပွဲဝင် သုံးဦးစီကို အကဲဖြတ်ရွေးချယ်ကာ ဆုရဗီဒီယိုတိုများစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သည့် ဖိလစ်ပိုင်နိုင်ငံမှတစ်ဆင့် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ ဆုရဗီဒီယိုတိုများအပါအဝင် အခြားအာဆီယံနိုင်ငံအသီးသီးမှ ဆုရဗီဒီယိုတိုများ အပြန်အလှန်ပေးပို့ပြီး အာဆီယံနိုင်ငံအသီးသီး၏ နိုင်ငံပိုင်ရုပ်သံလိုင်း၊ Website နှင့် Social Media များတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျေးလက်ကုန်ထုတ်လမ်းနှင့် ကုန်ထုတ်တံတားဆောင်ရွက်နေမှုများ ကွင်းဆင်းစစ်ဆေး

**ကျိုက်ထို အောက်တိုဘာ ၁၄**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် ရဲထွန်းကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေသည့် ကျိုက်ကသာကျေးလက်ကုန်ထုတ်လမ်းနှင့် အောင်မြန်မာလင်းကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေသည့် ကျိုက်ကသာကျေးရွာ ကုန်ထုတ်တံတားလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို မွန်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ)နှင့်အဖွဲ့၊ ကျိုက်ထိုခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့်အဖွဲ့တို့က အောက်တိုဘာ ၁၂ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တာဝန်ခံအင်ဂျင်နီယာတို့က လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်နှင့် ခရိုင်တာဝန်ရှိသူများက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီရေးနှင့် အချိန်မီပြီးစီးရေးအလေးထားဆောင်ရွက်ရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ၂၂၂

# ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း ကျန်းမာရေးဝန်ထမ်း ၄၅၀၀ ခန့်သေဆုံး

**ဆော်ပေါ်လို အောက်တိုဘာ ၁၄**

ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ ထိန်းချုပ်ရန်ကြိုးပမ်းနေစဉ်ကာလအတွင်း ကျန်းမာရေးဝန်ထမ်းပေါင်း ၄၅၀၀ ခန့် သေဆုံးခဲ့ကြောင်း ပြည်သူ့ဝန်ဆောင်မှုအလုပ်သမားများဆိုင်ရာ ကမ္ဘာလုံးဆိုင်ရာအဖွဲ့ချုပ်က ယမန်နေ့တွင်ပြောကြားသည်။

အဆိုပါသေဆုံးခဲ့သည့် ကျန်းမာရေးဝန်ထမ်းများတွင် သူနာပြု ၁၁၈၄ ဦးရှိပြီး ၁၀ ဦးတွင် ရှစ်ဦးမှာ အမျိုးသမီးများဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့နှင့် ဆက်စပ်လျက်ရှိသည့် Public Services International အဖွဲ့ကဆိုသည်။

အဆိုပါ သေဆုံးသူများ၏စာရင်းကို ၂၀၂၀ ပြည့်နှစ် မတ်လမှ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း စစ်တမ်းကောက်ယူထားခြင်းဖြစ်သည်။

လက်ရှိအချိန်အထိ ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၈၇၀၂၆ ဦးရှိပြီး အမေရိကန်နိုင်ငံပြီးနောက် အဆိုပါရောဂါကြောင့် သေဆုံးသူဒုတိယအများဆုံးနိုင်ငံဖြစ်သည်။ ထို့ပြင် ရောဂါကူးစက်ခံရမှုတွင် အမေရိကန်နှင့် အိန္ဒိယနိုင်ငံတို့ပြီးနောက် ရောဂါကူးစက်မှုတတိယအများဆုံးနိုင်ငံဖြစ်ကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

Public Services International အဖွဲ့သည် နိုင်ငံပေါင်း ၁၅၄ နိုင်ငံရှိ အလုပ်သမားသန်း ၃၀ ကို ကိုယ်စားပြုသည့် အလုပ်သမားသမဂ္ဂ ၇၀၀ ကျော် ဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။ **ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အောင်ကျော်ကျော်**






# ဂျပန်နိုင်ငံရှိ စက်မှုလုပ်ငန်းဆိုင်ရာကုမ္ပဏီနှစ်ခုဖြစ်သည့် ဆိုနီနှင့် ဟွန်ဒါတို့ ပူးပေါင်း၍ အဆင့်မြင့်လျှပ်စစ်ကားများ ထုတ်လုပ်မည်

**တိုကျို အောက်တိုဘာ ၁၄**

ဂျပန်နိုင်ငံရှိ စက်မှုလုပ်ငန်းဆိုင်ရာကုမ္ပဏီ နှစ်ခုဖြစ်သည့် ဆိုနီနှင့် ဟွန်ဒါတို့ပူးပေါင်း၍ အဆင့်မြင့် လျှပ်စစ်ကားများကို ၂၀၂၆ ခုနှစ်မှ စတင်၍ ဆိုနီ ဟွန်ဒါရွေ့လျားမှုကုမ္ပဏီအမည်ဖြင့် ပူးပေါင်း ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မိမိတို့အနေဖြင့် တန်ဖိုးမြင့်ထုတ်ကုန်များကို အသုံးပြု၍ ကောင်းမွန်သည့်ဝန်ဆောင်မှုများဖြင့် လျှပ်စစ်ကားဝယ်ယူသုံးစွဲသူများအပေါ် ခိုင်မာသည့် ဆက်ဆံရေးတည်ထောင်သွားမည်ဟု ဆိုနီဟွန်ဒါ ရွေ့လျားမှုကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ် မစ်ဆူနိုယာဆူဟီဒီကပြောကြားသည်။

၎င်းကုမ္ပဏီသည် ပြည်ပမှလျှပ်စစ်ကားအမှာစာများကို ၂၀၂၅ ခုနှစ်မှ စတင်လက်ခံသွားမည်ဖြစ်ပြီး အမေရိကန်နိုင်ငံနှင့်ဂျပန်ပြည်တွင်းမှ မော်တော်ယာဉ်ဝယ်ယူသူများအား စတင်စမ်းသပ်ရောင်းချသွားမည်ဖြစ်သည်။

၎င်းလျှပ်စစ်ကားများထုတ်လုပ်မှုကို မြောက်အမေရိကတိုက်ရှိ ဟွန်ဒါကုမ္ပဏီ၏ စက်ရုံတွင် ဆောင်ရွက်သွားမည်ဖြစ်သည်။ သယ်ယူပို့ဆောင်ရေးအတွက်အသုံးပြုမည့် လျှပ်စစ်မော်တော်ယာဉ်များအား ခေတ်မီနည်းပညာများဖြင့် အဆင့်မြင့်တင် ထုတ်လုပ်သွားမည်ဟု ဆိုနီဟွန်ဒါရွေ့လျားမှုကုမ္ပဏီမှ ပြောကြားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**

**ဘာသာပြန်-စိုးသူရ**

# ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဖြစ်စဉ်များအတွက် လျော်ကြေးပေးရေး ကင်ညာနိုင်ငံ တောင်းဆို

**နိုင်ရိုဘီ အောက်တိုဘာ ၁၄**

အာဖရိကဒေသရှိ ရာသီဥတုပြောင်းလဲမှုဆိုင်ရာဖြစ်စဉ်များကို ကြုံတွေ့နေရသည့် နိုင်ငံများအတွက် စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများက လျော်ကြေးငွေများပေးအပ်ရန် ကင်ညာနိုင်ငံမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လက်ရှိအချိန်တွင် အာဖရိကဒေသရှိနိုင်ငံများသည် မိုးခေါင်မှု၊ ရေကြီးမှုနှင့် ဆိုင်ကလုန်းမုန်တိုင်းများ တိုက်ခတ်ခြင်းစသည့် သဘာဝဘေးများကို ရင်ဆိုင်နေရသည့်အတွက် ထိုသဘာဝဘေးများ ဖြစ်လာစေရန် လေထုညစ်ညမ်းမှုပြုလုပ်သည့် စက်မှုဖွံ့ဖြိုးပြီး နိုင်ငံများတွင် တာဝန်ရှိကြောင်း ကင်ညာနိုင်ငံသဘာဝပတ်ဝန်းကျင်နှင့် သစ်တောဝန်ကြီးဌာနက တာဝန်ရှိသူ ခရစ်ကစ်တူက ပြောကြားသည်။

လက်ရှိအချိန်တွင် အာဖရိကဒေသရှိနိုင်ငံများ၌ ရာသီဥတုပြောင်းလဲမှုများကြောင့် ဂေဟစနစ်နှင့် ဒေသခံများ၏ အသက်မွေးဝမ်းကျောင်းများ ထိခိုက်နေရကြောင်း ၎င်းကပြောကြားသည်။

အာဖရိကဒေသတွင် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးအတွက် လိုအပ်သည့် ငွေကြေးနှင့် နည်းပညာအထောက်အပံ့များရရှိစေရေးအတွက် အီဂျစ်နိုင်ငံတွင် ကျင်းပမည့် ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုညီလာခံတွင် ဆွေးနွေးသွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ ငွေကြေးချမ်းသာသည့် အနောက်နိုင်ငံများသည် အာဖရိကဒေသအတွင်းရှိ နိုင်ငံများတွင် ရာသီဥတုပြောင်းလဲမှုများကြောင့် နယ်မြေများလျော့နည်းလာခြင်း၊ စားနပ်ရိက္ခာအခက်အခဲ၊ ရေရှားပါးမှု အခက်အခဲစသည်တို့ကို လျစ်လျူရှုလျက်ရှိကြောင်း ၎င်းကပြောကြား သည်။ ထို့ပြင် အာဖရိက ဒေသ အတွင်းရှိ နိုင်ငံများတွင်ရာသီဥတုပြောင်းလဲမှုများကြောင့်စိုက်ပျိုးရေးလုပ်ငန်းတွင် ထိခိုက်ခဲ့ရသည့် လယ်သမားများအတွက် လျော်ကြေးရရှိရေးကိုလည်း အထက်ပါညီလာခံတွင် ဆွေးနွေးသွားမည်ဟု သိရသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-စိုးသူရ**

# ယီမင်နိုင်ငံ၌ အရည်အသွေးမပြည့်မီသောဆေးဝါးများ အသုံးပြုကုသမှုခံယူခဲ့သည့် ကလေး ၁၀ ဦး သေဆုံး

**ဆာနာ အောက်တိုဘာ ၁၄**

ယီမင်နိုင်ငံမြို့တော် ဆာနာရှိ ဆေးရုံတစ်ရုံတွင် တရားမဝင်ရောင်းဝယ်သည့် အရည်အသွေးမပြည့်မီသောဆေးဝါးများအသုံးပြုကုသမှုခံယူခဲ့သည့် ကလေး ၁၀ ဦးသေဆုံးခဲ့ကြောင်း ကျန်းမာရေး တာဝန်ရှိသူများက ပြောကြားသည်။

ယီမင်နိုင်ငံရှိဆေးရုံများမှာ နှစ်အတန်ကြာ ဆေးဝါးနှင့်ကုသရေးပစ္စည်းများမလုံလောက်မှု၊ အပါအဝင် ရန်ပုံငွေမလုံလောက်မှုများရှိနေကြောင်းနှင့် တရားမဝင်ရောင်းဝယ်သော အရည်အသွေး မပြည့်မီသည့် ဆေးဝါးများဖြင့်သာ လူနာများကို ကုသမှုပေးနေရကြောင်းသိရသည်။

ယီမင်နိုင်ငံတွင် ပြည်တွင်းစစ် စတင်ဖြစ်ပွားသည့်အချိန်မှစတင်၍ ဆေးဘက်ဆိုင်ရာအခြေခံ အဆောက်အအုံများလျော့နည်းလာခဲ့ကြောင်း သိရသည်။ ၂၀၁၄ ခုနှစ်မှ စတင်၍ ဟူသီသူပုန်များသည် နိုင်ငံမြောက်ပိုင်းရှိဒေသအများအပြားကို သိမ်းပိုက်ထားပြီး ယီမင်အစိုးရအား တိုက်ခိုက်ခဲ့ရာတွင် နိုင်ငံသားအများအပြားသေကျေခဲ့ရပြီး လူလေးသန်းခန့်အား ရွှေ့ပြောင်းအခြေချမှုများဖြစ်စေခဲ့ကာ ငတ်မွတ်မှုများဖြစ်စေခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**



# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၃၆ ဦး ထပ်မံသေဆုံး

**မနီလာ အောက်တိုဘာ ၁၄**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၃၆ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါ ကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၃၄၃၉ ဦး ရှိကြောင်း ဖိလစ်ပိုင်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၂၄၅၉ ဦး ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၃၉၇၈၃၅၄ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၂၆၃၉၉ ဦး ရှိသည်။ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၉၅၁ ဦးသည် မြို့တော်မနီလာမှ တွေ့ရှိရခြင်းဖြစ်သည်။ လက်ရှိအချိန်အထိ မြို့တော်မနီလာ၌ ရောဂါကူးစက်ခံရသူပေါင်း ၁၂၇၉၉၈၂ ဦးရှိကြောင်း သိရသည်။ ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။

လက်ရှိအချိန်အထိ ပြည်သူ ၇၃ ဒသမ ၃ သန်းကျော်အား ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ပြည်သူ သန်း ၁၁၀ ဝန်းကျင်ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၃၂ ဒသမ ၅ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အောင်ကျော်ကျော်**

# မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်မြတ်ကြီး ကင်မွန်းချောင်း တောင်တက်ကားဂိတ်အား KNLA တပ်မဟာ (၁)နှင့် NUG ၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ရက်စက်မိုက်မဲစွာ လာရောက်ပစ်ခတ်ခဲ့မှုနှင့်ပတ်သက်၍ မန္တလေးမြို့၌ ပြင်းထန်စွာ ဆန့်ကျင်ရှုတ်ချကြောင်း ဆန္ဒထုတ်ဖော်



နေပြည်တော် အောက်တိုဘာ ၁၄

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်မြတ်ကြီး ကင်မွန်းချောင်း တောင်တက်ကားဂိတ်အား အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းတွင် KNLA တပ်မဟာ(၁)နှင့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ရက်စက်မိုက်မဲစွာ လာရောက်ပစ်ခတ်ခဲ့ရာ ဘုရားဖူးပြည်သူ သုံးဦး သေဆုံးခဲ့ပြီး ၁၉ ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ပြင်းထန်စွာ ရှုတ်ချကြောင်းကို ယနေ့တွင် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ အထက်မြန်မာပြည် မျိုးချစ်မြန်မာ ရဟန်းတော်များသမဂ္ဂ(မန္တလေး)မှ သံဃာတော်များနှင့် မန္တလေးမြို့နေ အကြမ်းဖက်မှုများကို မလိုလားသော ဒေသခံပြည်သူများစုပေါင်း၍ မဟာမြတ်မုနိဘုရား၊ အောင်တော်မူဘုရားနှင့် စန္ဒာမုနိဘုရားအနီး တစ်ဝိုက်တို့တွင် "ဗုဒ္ဓဘာသာကို အကြမ်းဖက်သော အစွန်းရောက်လူသတ်ကောင်များအလိုမရှိ၊ KNLA၊ NUG၊ CRPH နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များ အလိုမရှိ၊ KNLA၊ NUG၊ CRPH အမည်ခံအကြမ်းဖက်အဖွဲ့များ၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားတို့၏ ကျိုက်ထီးရိုးဘုရားဖူးပြည်သူများအပေါ် အကြမ်းဖက်တိုက်ခိုက် သတ်ဖြတ်မှုလုပ်ရပ်အား ဆန့်ကျင်ကြ" စသည့် ပိုစတာများ၊ ဆိုင်းဘုတ်များ ကိုင်ဆောင်ကာ ကြွေးကြော်သံများဖြင့် ကြွေးကြော်၍ အေးချမ်းစွာ ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကျိုက်ထီးရိုးဘုရား ကင်မွန်းချောင်း တောင်တက်ကားဂိတ်အား ပစ်ခတ်မှုဖြစ်စဉ်နှင့်ပတ်သက်၍ အထင်အမြင်လွဲမှားစေရန် လုပ်ကြံဖန်တီး သတင်းဖော်ပြမှုများအပေါ် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်

နေပြည်တော် အောက်တိုဘာ ၁၄

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်မြတ်စွာဘုရား ကင်မွန်းချောင်းတောင်တက်ကားဂိတ်အား အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းတွင် KNLA တပ်မဟာ(၁)နှင့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ရက်စက်မိုက်မဲစွာ လာရောက်ပစ်ခတ်ခဲ့မှုကြောင့် ဘုရားဖူးပြည်သူ သုံးဦး သေဆုံးခဲ့ပြီး ၁၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။




အကြမ်းဖက်သမားများ ပစ်ခတ်ခဲ့သည့်နေရာများပြပုံ။




အကြမ်းဖက်သမားများ ပစ်ခတ်ခဲ့သည့် ကျည်လာလမ်းကြောင်းပြပုံ။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ သတင်းမီဒီယာအချို့က တိကျသေချာခြင်းမရှိသော အချက်အလက်များ၊ ပြောကြားချက်များအပေါ် အခြေခံ၍ အကြမ်းဖက်သမားများ၏ ပစ်ခတ်မှုကြောင့် သေဆုံးဒဏ်ရာရရှိခဲ့မှုအပေါ် အထင်အမြင်လွဲမှားစေနိုင်သော လုပ်ကြံဖန်တီးထားသည့် သတင်းဖော်ပြချက်များကို ရေးသားဖော်ပြလျက်ရှိသည်။

အကြမ်းဖက်သမားများ၏ ပစ်ခတ်မှုများကြောင့် ဘုရားဖူးပြည်သူများ သေဆုံးဒဏ်ရာရရှိခဲ့မှုအခြေအနေမှန်များကို သိရှိနိုင်ရန် မျက်မြင်သက်သေများ၊ လုံခြုံရေးကင်မရာများ၊ အကြမ်းဖက်သမားများ ဝင်ရောက်ပစ်ခတ်သည့် လမ်းကြောင်းနှင့် နေရာများ၊ အရပ်သားပြည်သူများ သေဆုံးဒဏ်ရာရရှိခဲ့သည့် နေရာများအား အသေးစိတ်စစ်ဆေးခဲ့ရာ အောက်ပါအတိုင်း တွေ့ရှိခဲ့ရသည်-

(က) KNLA တပ်မဟာ(၁)နှင့် NUG၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမား ၁၅ ဦးခန့်သည် ဆောင်နိုင်ကြီးကျေးရွာမှ ကဒတ်ချောင်းတံတားကို ဖြတ်၍ Vego အမျိုးအစား ခဲရောင် မော်တော်ယာဉ်ဖြင့် လာရောက်ပြီး ကင်မွန်းချောင်း တောင်တက်ကားဂိတ်၏ အနောက်နှင့် အနောက်တောင်ဘက်များရှိ ဆိုင်ခန်းများတွင် နေရာယူခဲ့ကြောင်း။

( ခ ) ဆိုင်ခန်းများအတွင်း ဖြန့်ခွဲနေရာယူကာ တောင်တက်ကားဂိတ်အတွင်းရှိ ယာဉ်အမှတ်၊ 3K-6534 ဘုရားဖူးယာဉ်ပေါ်သို့ ဘုရားဖူးပြည်သူများ တက်ရောက်နေစဉ် လက်နက်ငယ်များဖြင့် အတွဲလိုက်စတင်ပစ်ခတ်ခဲ့ကြောင်း။ ထိုသို့စတင်ပစ်ခတ်ခြင်းကြောင့် ဘုရားဖူးယာဉ်ပေါ်သို့တက်သည့် စင်ပေါ်မှ အမျိုးသမီး တစ်ဦး၊ ယာဉ်ပေါ်မှ အမျိုးသမီး တစ်ဦးနှင့် ယာဉ်ပေါ်တက်လှေကား ပထမအဆင့်ပေါ်တက်နေသော အမျိုးသမီး တစ်ဦး စုစုပေါင်း သုံးဦး လက်နက်ငယ်




အကြမ်းဖက်သမားများ ခေတ်တိုင်ကိုအကာအကွယ်ပြု ပစ်ခတ်မှုကျည်သွားလမ်းကြောင်းပြပုံ။



တောင်ဆင်းကားရပ်နားရန် ပြုလုပ်ထားသည့် တစ်ဖက်ရပ် အမိုးပေါ် ၄၀ မမ ဖုံးပေါက်ကွဲခဲ့မှုအား တွေ့ရစဉ်။

ကျိုက်ထီးရိုးတောင်တက်ကားဂိတ်အား အကြမ်းဖက် KNLA တပ်မဟာ(၁)နှင့် NUG၊ CRPH၊ PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့မှ လာရောက်တိုက်ခိုက်သည့်ပုံ။




ကျည်ထိမှန်၍ လဲကျသေဆုံးသွားခဲ့ပြီး ယာဉ်ပေါ်နှင့် ယာဉ်အနီးရှိ ဘုရားဖူးပြည်သူ ၁၈ ဦး ဒဏ်ရာရရှိခဲ့ကာ အမျိုးသမီးတစ်ဦးမှာ စတင်ပစ်ခတ်ချိန် ကျည်ထိမှန်လဲကျသေဆုံးသွားသည်ကို လုံခြုံရေးကင်မရာအရ တွေ့ရှိရကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသူ အများစုသည် အဆိုပါဘုရားဖူးယာဉ်ပေါ်နှင့် အနီးတစ်ဝိုက်ရှိနေသူများသာဖြစ်ကြောင်း။

( ဂ ) ရိုင်းစိုင်းယုတ်မာသည့် ဘာသာမဲ့ အကြမ်းဖက်သမားများက တောင်တက်ကား ဂိတ်အတွင်းသို့ နိုင်ငံတစ်ဝန်း မြန်မာတို့၏ ဝါကျွတ်ကာလမင်္ဂလာရှိသည့် အကြောင်းအရာများကို နိုင်ငံသားအများစုက ပျော်ရွှင်အေးချမ်းစွာ ဆောင်ရွက်နေမှုကို ပျက်စီးစေရန် အကြောင်းမဲ့ အကြမ်းဖက်မှုကို ရည်ရွယ်ချက်ရှိစွာ ပစ်ခတ်ခဲ့သဖြင့် ဘုရားဖူးပြည်သူ သေဆုံးဒဏ်ရာရချိန်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် အများပြည်သူများ၏ အသက်အန္တရာယ်ကာကွယ်ရန်အလို့ငှာ ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ အကြမ်းဖက်သမားများက ၄၀ မမဗုံးသီးများ၊ လက်နက်ငယ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း။

(ဃ) ပစ်ခတ်ပြီးချိန်တွင် အကြမ်းဖက်သမားများသည် မော်တော်ယာဉ်ဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး ထွက်ခွာချိန်တွင် မော်တော်ယာဉ်ပေါ်မှ အောင်ထူးစံကားဂိတ်အားလက်နက်ငယ်ဖြင့် ထပ်မံပစ်ခတ်သွားကြောင်း။

( င ) အကြမ်းဖက်သမားများ အကာအကွယ်ရယူခဲ့သော အဆောက်အဦနှင့် တောင်တက်ကားဂိတ်တည်ရှိရာသို့ ကျည်သွားလမ်းကြောင်းအရ ဘုရားဖူးယာဉ်၏ နောက်ပိုင်းအနီးရှိ သံထိုင်ခုံအရှည်၏ နောက်ကျောမှီ၌ ကျည်ဖောက်ဝင်ရာများ၊ ကားပေါ်တက်သည့် စင်လက်ရန်းတိုင်၌ ကျည်ဖောက်ဝင်ရာများ၊ ယာဉ်ရပ်နားထားသည့် ဘေးရှိ အုတ်တိုင်များတွင် **စာမျက်နှာ ၁၅ သို့ ***

# တီးတိန်မြို့မှ ကလေးမြို့သို့ ထွက်ခွာလာသည့် ခရီးသည်တင်ယာဉ်အား PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်မိုင်းများဖြင့် အကြောင်းမဲ့ဖောက်ခွဲတိုက်ခိုက်မှုကြောင့် ခရီးသွားပြည်သူများ ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် အောက်တိုဘာ ၁၄**

NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် အေးချမ်းစွာနေထိုင်လျက်ရှိသည့် ပြည်သူလူထုများနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်နေသည့် အုပ်ချုပ်ရေးတာဝန်ရှိသူများအား ထိခိုက်ဒဏ်ရာရရှိစေရန်နှင့် လမ်းပန်းဆက်သွယ်မှုများ လုံခြုံချောမွေ့မှုမရှိစေရေး ရည်ရွယ်ချက်များဖြင့် အများပြည်သူအသုံးပြုသည့် လမ်းကြောင်းများတွင် မိုင်းထောင်ခြင်း၊ ဖြတ်သန်းသွားလာလျက်ရှိသော ယာဉ်များနှင့် ခရီးသွားပြည်သူများကို အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဆက်ကြေးကောက်ခံခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည်။

**ဖောက်ခွဲတိုက်ခိုက်**

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ချင်းပြည်နယ် တီးတိန်မြို့မှ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ ထွက်ခွာလာသည့် ခရီးသည်တင်ယာဉ်အား ယနေ့ညနေ ၃ နာရီခန့်တွင် တီးတိန်မြို့နယ် သိုင်းငင်းကျေးရွာ၏အရှေ့ဘက် ၁၀ မိုင်ခန့်အကွာသို့ ရောက်ရှိစဉ် ယာဉ်အား PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်မိုင်းငါးလုံးဖြင့် အကြောင်းမဲ့ဖောက်ခွဲတိုက်ခိုက်ခဲ့ကြောင်း၊ ထိုသို့မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်မှုကြောင့် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် အသက် ၁၃ နှစ်အရွယ် ကလေးငယ်တစ်ဦးအပါအဝင် အမျိုးသားနှစ်ဦး၊ အမျိုးသမီးလေးဦးတို့တွင် မိုင်းစထိမှန်ဒဏ်ရာများရရှိကာ ယာဉ်လေကာမှန်များ မိုင်းစထိမှန်ပျက်စီးခဲ့ကြောင်း သိရသည်။



အကြမ်းဖက်သမားများ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ဒဏ်ရာရရှိသည့် အသက် ၁၃ နှစ်အရွယ် ကလေးငယ်တစ်ဦးအား တွေ့ရစဉ်။




အကြမ်းဖက်သမားများ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပျက်စီးသွားသည့် ယာဉ်တစ်စီးအား တွေ့ရစဉ်။

**ဆေးကုသမှုခံယူ**

မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့သည့် ခရီးသွားပြည်သူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ကလေးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူစေလျက်ရှိသည်။

ယခုကဲ့သို့ အများပြည်သူသွားလာအသုံးပြုလျက်ရှိသော လမ်းမပေါ်၌ မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၁၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–ကနှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဟသ်ာကုန်းရပ်ကွက်နေ အောင်မျိုးဝင်းသည် ၎င်းအသုံးပြုသည့် “Aung Myo Win” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် (၇)မိုင်ကျေးရွာနေ မျိုးဇာဇာအောင်(ခ) မိဇာသည် ၎င်းအသုံးပြုသည့် “Myo Zar Zar Aung” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အမှတ်(၂) ရပ်ကွက်နေ သန့်ဇင်ထွန်းသည် ၎င်းအသုံးပြုသည့် “Thant Zin Thant” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

✻ စာမျက်နှာ ၁၄ မှ

ကျည်ဖောက်ဝင်ရာများ တွေ့ရှိရသဖြင့် အကြမ်းဖက်သမားများက အတွဲလိုက်စတင်ပစ်ခတ်စဉ် လက်နက်ငယ်ကျည်များ တိုက်ရိုက်ထိမှန်ခဲ့ပြီး ဘုရားဖူးပြည်သူများ သေဆုံးဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ဘာသာမဲ့အကြမ်းဖက်သမားများ၏ ရက်စက်ယုတ်မာမှုလုပ်ရပ်ကိုလည်း အဆိုပါနေရာတစ်ဝိုက်ရှိ လုံခြုံရေးကင်မရာမှတ်တမ်းများမှ ဖမ်းယူရရှိထားပြီး အထောက်အထားများအရ ယုတ်မာရက်စက်သည့် အကြောင်းမဲ့အကြမ်းဖက်သူများဖြစ်သည့် KNLA တပ်မဟာ(၁)နှင့် NUG ၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ၏ ပစ်ခတ်မှုများကြောင့်သာ ဘုရားဖူးပြည်သူများ သေဆုံးဒဏ်ရာများရရှိခဲ့ခြင်းဖြစ်သည်။

မြေပြင်အခြေအနေနှင့် ဗုဒ္ဓဘာသာဝင်များအပါအဝင် အကြမ်းဖက်မှုကို လုံးဝဆန့်ကျင်ကြသည့် မြန်မာနိုင်ငံသားများ၏ ဆိုရှယ်မီဒီယာများမှ ပြောဆိုမှုများအပြင် တိကျခိုင်မာသော အထောက်အထားများအရ နိုင်ငံတော်အစိုးရအနေဖြင့် တရားဝင်သတင်းထုတ်ပြန်ထားသော်လည်း အဆိုပါသတင်းအပေါ် မျက်ကွယ်ပြုလျက် ငွေစကားနွှားရ ပုံစံဖြင့် မြန်မာနိုင်ငံအပေါ် အဆိုးမြင်ဝါဒီများ၏ လက်ကိုင်တုတ်များဖြစ်သည့် ဖြောင်လိမ်ဖြောင်စား ရေဝတီနှင့် ဘီဘီစီသတင်းဌာနများ၏ မြန်မာပိုင်းအစီအစဉ်မှ အဓိပ္ပာယ်မဲ့သော အောက်လုံးများဖြင့် လုံခြုံရေးတပ်ဖွဲ့များက ဘုရားဖူးများအား ရမ်းသန်းပစ်ခတ်ခဲ့ကြောင်း ထုတ်ပြန်ခဲ့မှုသည် သတင်းမီဒီယာကျင့်ဝတ်အား အရှက်တရားကင်းမဲ့စွာချိုးဖောက်ခြင်းဖြစ်၍ အဆိုပါသတင်းဌာနများကို ဆက်သွယ်ရေးဥပဒေ၊ သတင်းမီဒီယာဥပဒေနှင့် လုံခြုံရေးတပ်ဖွဲ့များအပေါ် မဟုတ်မမှန် အသရေဖျက်စွပ်စွဲမှုအတွက် တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ညောင်လေးပင်မြို့၌ နေကြာစိုက်ပျိုးမည့်တောင်သူများအား နေကြာမျိုးစေ့များ ဖြန့်ဖြူးပေးအပ်

**ညောင်လေးပင် အောက်တိုဘာ ၁၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ညောင်လေးပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၂–၂၀၂၃ ခုနှစ် ဆောင်းရာသီ ဆီထွက်နေကြာစိုက်ပျိုးမည့် တောင်သူများအား ဆီထွက်သီးနှံနေကြာမျိုးစေ့များ ဖြန့်ဖြူးပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။



**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဘုန်းမောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်က ဆောင်းရာသီနေကြာသီးနှံစိုက်ပျိုးထုတ်လုပ်ရေးနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဧက ၂၀၀၀ စိုက်ပျိုးမည့် ကျေးရွာအုပ်စု ၃၃ အုပ်စု၊ ကျေးရွာခွဲပေါင်း ဖ၈ ရွာ၊ ကွင်းပေါင်း ၁၃၃ ကွင်းရှိ တောင်သူ ၁၀၄၆ ဦးတို့အတွက် ဆီထွက်သီးနှံနေကြာမျိုးစေ့များ ဖြန့်ဖြူးပေးခဲ့ကြသည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

## မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်မြတ်ကြီး ကင်မွန်းချောင်း တောင်တက်ကားဂိတ်အား KNLA တပ်မဟာ (၁)နှင့် NUG ၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ရက်စက်မိုက်မဲစွာ လာရောက်ပစ်ခတ်ခဲ့မှုနှင့်ပတ်သက်၍ သဘောထားထုတ်ပြန်ချက်များ အသီးသီးထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၁၄**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်မြတ်ကြီး ကင်မွန်းချောင်း တောင်တက်ကားဂိတ်အား အောက်တိုဘာလ(၁၂)ရက် နံနက်ပိုင်းတွင် KNLA တပ်မဟာ(၁)နှင့် NUG၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ရက်စက်မိုက်မဲစွာ လာရောက်ပစ်ခတ်ခဲ့ရာ ဘုရားဖူးပြည်သူ(၃)ဦး သေဆုံးခဲ့ပြီး (၁၉)ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့ရှိ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့၊ ဗုဒ္ဓဘာသာအမျိုးသားရေးအင်အားစု၊ မြန်မာနိုင်ငံဇဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းများက လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားများ အသီးသီးထုတ်ပြန်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံဇဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

ဘုရားဖူးအပြစ်မဲ့ပြည်သူများ သေဆုံးခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံဇဝံဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်(MECA)မှ အောက်ပါအတိုင်း သဘောထားထုတ်ပြန်အပ်ပါသည်။

၁။ ၂၀၂၂-ခုနှစ်၊ အောက်တိုဘာလ(၁၂)ရက်နေ့ နံနက်တွင် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်တောင်ခြေ ကင်မွန်းချောင်းတောင်တက်ကားဂိတ်အနီး၌ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များ၏ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ဘုရားဖူးအပြစ်မဲ့ပြည်သူများ သေဆုံးခြင်း၊ ဒဏ်ရာရရှိခြင်းများအတွက် မြန်မာနိုင်ငံဇဝံဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်အနေဖြင့် သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိသူများနှင့်တကွ သက်ဆိုင်သူ မိသားစုများအားလုံးနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် မိမိတို့ယုံကြည်ရာဘာသာတရားများအတိုင်း လွတ်လပ်စွာ ကိုးကွယ်ယုံကြည်လျက် ငြိမ်းချမ်းစွာဖြင့် အတူယှဉ်တွဲနေထိုင်လျက်ရှိသောနိုင်ငံဖြစ်ပြီး သာသနာပြုဆရာတော်ကြီးများ၊ သာသနာပြုလူပုဂ္ဂိုလ်များ၊ အပြစ်မဲ့ပြည်သူများအား အကြမ်းဖက်အဖွဲ့အစည်းများမှ အကြောင်းမဲ့ပစ်ခတ်သတ်ဖြတ်ခြင်းများ၊ စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသည့် သာသနာ့အဆောက်အဦများနှင့် သာသနာ့နယ်မြေများအတွင်း ပစ်ခတ်တိုက်ခိုက်သတ်ဖြတ်ဖျက်ဆီးခြင်းများကို မပြုလုပ်ကြပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း မြန်မာနိုင်ငံ ဇဝံဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်အနေဖြင့် သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံဇဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်(MECA)**

## နေပြည်တော်ကောင်စီနယ်မြေ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း သဘောထားထုတ်ပြန်ချက်

(၁၂ - ၁၀ -၂၀၂၂)

၁။ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၂ ရက် ဗုဒ္ဓဟူးနေ့ နံနက်က မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်အား တက်ရောက်ဖူးမြော်ကြမည့် ကင်မွန်းချောင်းရှိတောင်တက်ယာဉ်စခန်းအား အကြမ်းဖက် PDF များမှ ၆၀ မမ၊ ၄၀ မမ လက်နက်များ၊ လက်ပစ်ဗုံးများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ကြသည်ဟု သိရှိရပါသည်။

၂။ အကြမ်းဖက် PDF တို့ ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့ဘုရားဖူး ရဟန်း၊ ရှင်၊ လူ၊ မိန်းမနှင့် ကလေးငယ်များအပါ ပြည်သူစုစုပေါင်း (၁၉)ဦး ဒဏ်ရာရရှိသွားခဲ့ရပြီး အမျိုးသမီး (၃)ဦး သေဆုံးကြောင်း စိတ်နှလုံးမချမ်းမြေ့စွာ ကြားသိရပါသည်။

၃။ အပြစ်မဲ့ဘုရားဖူးပြည်သူများအား ဤသို့ပစ်မှတ်ထားတိုက်ခိုက်သည့် ရွံရှာဖွယ် လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်ကို မိမိတို့ နေပြည်တော်ကောင်စီနယ်မြေ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းသူ အသင်းသားများမှ လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

**နေပြည်တော်ကောင်စီနယ်မြေ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း**

**ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅-၁၀-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၈၅ | ၂၀၃၀ | ၂၀၂၅ | ၁၉၉၀ | ၂၀၃၀ | ၂၀၅၀ | ၂၀၃၅ | ၂၀၁၅ | ၂၁၀၀ | ၂၁၂၅ | ၂၀၂၀ | ၂၀၃၀ | ၂၀၆၅ | ၂၀၆၅ | ၂၀၇၀ | ၂၂၈၅ | ၂၇၇၀ |
| 95 Ron | ၂၀၅၀ | ၂၁၀၀ | ၂၀၉၅ | ၂၀၆၀ | ၂၀၉၅ | ၂၁၂၀ | ၂၁၀၅ | ၂၀၈၅ | ၂၁၈၀ | ၂၁၉၅ | ၂၀၉၀ | ၂၁၀၅ | ၂၁၃၅ | ၂၁၃၅ | ၂၁၃၅ | ၂၃၅၅ | ၂၈၅၀ |
| HSD (500 ppm) | ၂၇၁၀ | ၂၇၇၀ | ၂၇၆၅ | ၂၇၂၅ | ၂၇၆၅ | ၂၇၈၅ | ၂၇၈၅ | ၂၇၅၅ | ၂၈၆၅ | ၂၈၆၀ | ၂၇၆၀ | ၂၇၆၅ | ၂၈၀၀ | ၂၈၀၅ | ၂၈၀၅ | ၃၀၂၅ | ၃၄၉၅ |
| HSD (50 ppm) | ၂၇၉၅ | ၂၈၄၅ | ၂၈၄၀ | ၂၈၀၅ | ၂၈၄၀ | ၂၈၆၅ | ၂၈၆၀ | ၂၈၃၀ | ၂၉၄၀ | ၂၉၃၅ | ၂၈၃၅ | ၂၈၄၅ | ၂၈၇၅ | ၂၈၈၀ | ၂၈၈၀ | ၃၁၀၀ | ၃၅၃၀ |
| HSD (10 ppm) | ၂၇၉၅ | ၂၈၄၅ | ၂၈၄၀ | ၂၈၀၅ | ၂၈၄၀ | ၂၈၆၅ | ၂၈၆၀ | ၂၈၃၀ | ၂၉၄၀ | ၂၉၃၅ | ၂၈၃၅ | ၂၈၄၅ | ၂၈၇၅ | ၂၈၈၀ | ၂၈၈၀ | ၃၁၀၀ | ၃၅၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၈၆ | ၁၉၅၇ |
| 95 Ron | ၁၉၅၂ | ၂၀၂၅ |
| HSD (500 ppm) | ၂၆၀၃ | ၂၆၈၅ |
| HSD (50 ppm) | ၂၆၇၄ | ၂၇၅၇ |
| HSD (10 ppm) | ၂၆၇၄ | ၂၇၅၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ရှမ်းပြည်နယ်ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ သဘောထားထုတ်ပြန်ချက်

**၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၁၄) ရက်**

၁။ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၁၂) ရက်နေ့ နံနက်ပိုင်းတွင် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့ရှိ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးသို့ လာရောက်ဖူးမြော် ကုသိုလ်ကောင်းမှုပြုလုပ်နေသည့် ဘုရားဖူး ခရီးသွားပြည်သူများအား အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များ၏ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ဘုရားဖူးပြည်သူများသေဆုံးခြင်းနှင့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း စိတ်နှလုံးမချမ်းမြေ့စွာ ကြားသိရပါသည်။

၂။ ယခုလို အေးချမ်းစွာဖြင့် ဘုရားဖူးလာရောက်ကြသည့် အပြစ်မဲ့ပြည်သူများအား ပစ်ခတ်တိုက်ခိုက်သည့် အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များအား ရှမ်းပြည်နယ်ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

**ရှမ်းပြည်နယ်ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့**

## ရန်ကုန်တိုင်းဒေသကြီးဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ သဘာထားထုတ်ပြန်ချက်

**၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၁၄) ရက်**

၁။ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၁၂) ရက်နေ့ နံနက်တွင် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် တောင်တက်ကားဂိတ်အနီး၌ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များ၏ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ကျိုက်ထီးရိုးစေတီတော်သို့ ဘုရားဖူးလာကြသော အပြစ်မဲ့ဘုရားဖူးပြည်သူ (၃)ဦး သေဆုံးခြင်း၊ (၁၉)ဦး ထိခိုက်ဒဏ်ရာရရှိခြင်းများအတွက် စိတ်နှလုံးမချမ်းမြေ့စွာ ကြားသိရပါသည်။

၂။ ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကုသိုလ်ယူခြင်း၊ ကုသိုလ်ကောင်းမှုပြုလုပ်နေသော အပြစ်မဲ့ပြည်သူများအား ပစ်ခတ်တိုက်ခိုက်သည့် လူသားမဆန်သော အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များအား ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

**ရန်ကုန်တိုင်းဒေသကြီးဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့**

## မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို) သဘောထားထုတ်ပြန်ချက်

(၁၂.၁၀.၂၀၂၂)

၁။ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့ နံနက်ပိုင်းတွင် ကျိုက်ထီးရိုးဘုရား ကင်မွန်းချောင်း တောင်တက်ကားဂိတ်အား အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ လာရောက်ပစ်ခတ်ခဲ့မှုကြောင့် ဘုရားဖူးပြည်သူ ၃ ဦးသေဆုံးပြီး ၁၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ကို စိတ်နှလုံးမချမ်းမြေ့ဖွယ် ကြားသိရပါသည်။

၂။ ယခုကဲ့သို့ ကျိုက်ထီးရိုးဆံတော်ရှင်မြတ်စွာဘုရားအား တက်ရောက်ဖူးမြော်ကြမည့် အပြစ်မဲ့ဘုရားဖူး ပြည်သူများကို လူမဆန်စွာပစ်မှတ်ထား တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်ကို မိမိတို့ မြန်မာနိုင်ငံလုံး ဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက် ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)**

## မန္တလေးတိုင်းဒေသကြီးဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ သဘာထားထုတ်ပြန်ချက်

**၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၁၄) ရက်**

၁။ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ကင်မွန်းချောင်းတောင်တက် စခန်းအား ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ(၁၂)ရက်နေ့ နံနက်ပိုင်းတွင် အကြမ်းဖက်လက်နက်ကိုင် အဖွဲ့များ၏ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ကျိုက်ထီးရိုးစေတီတော်သို့ ဘုရားဖူးလာကြသော အပြစ်မဲ့ ဘုရားဖူးပြည်သူများ သေဆုံးခြင်းနှင့် ထိခိုက်ဒဏ်ရာရရှိခြင်းများအတွက် စိတ်နှလုံးမချမ်းမြေ့စွာ ကြားသိရပါသည်။

၂။ သီတင်းကျွတ်အခါသမယတွင် ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်မြတ်ကြီးသို့ အေးချမ်းစွာဖြင့် ဘုရားဖူးလာရောက်ကြသည့် အပြစ်မဲ့ပြည်သူများအား ပစ်ခတ်တိုက်ခိုက်သည့် အကြမ်းဖက် လက်နက်ကိုင်အဖွဲ့များအား မန္တလေးတိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ လုံးဝ(လုံးဝ)လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန် လိုက်သည်။

**မန္တလေးတိုင်းဒေသကြီးဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့**

## တနင်္သာရီတိုင်းဒေသကြီးဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ သဘောထားထုတ်ပြန်ချက်

**၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၁၄) ရက်**

၁။ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ကင်မွန်းချောင်းတောင်တက် စခန်းအား ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ(၁၂)ရက်နေ့ နံနက်ပိုင်းတွင် အကြမ်းဖက်လက်နက်ကိုင်အဖွဲ့ များ၏ အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ဘုရားဖူးပြည်သူများ သေဆုံးခြင်းနှင့် ထိခိုက်ဒဏ်ရာရရှိခြင်းများအတွက် စိတ်မချမ်းမြေ့စွာ ကြားသိရပါသည်။

၂။ ဝါကျွတ်ကာလတွင် ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်မြတ်ကြီးသို့ အေးချမ်းပျော်ရွှင်စွာ ကုသိုလ်ပွားများနေခြင်းကို ပျက်စီးစေလိုသော ယုတ်ညံ့သေးသိမ်သည့် စိတ်သဘောထားဖြင့် လူမဆန် သော အကြမ်းဖက်ပြုလုပ်သည့် အကြမ်းဖက်အဖွဲ့အစည်းအား တနင်္သာရီတိုင်းဒေသကြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

**တနင်္သာရီတိုင်းဒေသကြီးဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့**

## ဗုဒ္ဓဘာသာအမျိုးသားရေးအင်အားစု သဘောထားထုတ်ပြန်ချက်

(၁၂- ၁၀ -၂၀၂၂)

၁။ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်သို့ တက်ရောက်ဖူးမြော်ကြမည့် ကင်မွန်းချောင်းရှိ တောင်တက်ယာဉ်စခန်းအား အကြမ်းဖက် PDF များမှ လက်နက်များဖြင့် ပစ်ခတ်ခဲ့ကြရာ အပြစ်မဲ့ဘုရားဖူးပြည်သူစုစုပေါင်း (၁၉) ဦး ဒဏ်ရာရရှိသွားခဲ့ရပြီး အမျိုးသမီး (၃)ဦး သေဆုံးကြောင်း သိရှိရပါသည်။

၂။ ဘုရားဖူးခြင်းသည် ကုသိုလ်ရေးကိစ္စဖြစ်သည်။ မည်သည့်စစ်အခြေစိုက်စခန်းမှမရှိသော ကင်မွန်း ချောင်းတောင်တက်မော်တော်ယာဉ်ဂိတ်သို့ တိုက်ခိုက်ခြင်းသည် အပြစ်မဲ့ပြည်သူများ ထိခိုက်သေဆုံး နိုင်မှန်းသိလျက်နှင့် လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်ကို သက်သက်ရွေးချယ်ကာ လုပ်ဆောင်ခြင်းဖြစ်၍ မိမိတို့မှ လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

ဗုဒ္ဓဘာသာအမျိုးသားရေးအင်အားစု

# တပ်မတော် တပ်ရင်း/တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

**နေပြည်တော် အောက်တိုဘာ ၁၄**

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင်ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ်အပြည့်ထားရှိပြီး အထက်အောက် ညီညွတ်မှုတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲမှ လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှု ညီညွတ်မှုတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ်



(Fatherly Spirit) တို့ဖြင့် ကွပ်ကဲအုပ်ချုပ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် အနောက်မြောက် တိုင်းစစ်ဌာနချုပ်တို့မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံ သင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ လက်ရည်တစ်ပြင်တည်း နေ့လယ်စာ သုံးဆောင်ခဲ့ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော် အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊စစ်သည်၊မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ နေ့လယ်စာသုံးဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒိုက်ဦးမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကျင်းပ

**ဒိုက်ဦး အောက်တိုဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှုကော်မတီတို့ ကြီးမှူး၍ ယမန်နေ့ နံနက်ပိုင်းက ရှမ်းစုကျေးရွာအုပ်စု ကွင်းအမှတ်(၄၄၈ ဃ) ဖောင်တော်သီကွင်း ဦးပိုင်အမှတ်(၁/၁) တောင်သူ ဦးသန်းထွန်း စိုက်ပျိုးထားသည့် ဆင်းသုခစပါးမျိုးကောင်းကိုယ်စားပြု စံကွက်ဧရိယာအား မိုးစပါးစံကွက်ရိတ်သိမ်းရာ အစိုအထွက် ၁၀၅ ဒသမ ၂၈ တင်း ထွက်ရှိကြောင်း သိရသည်။

**ကျော်ကျော်(ဒိုက်ဦး)**



# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၁၂၇၁ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၅၉ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၄-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိသည်။

ကိုဗစ်-၁၉သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၃-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၄-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၂၇၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၅၉) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၃.၁၉) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၂၃၀,၆၄၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၂၇,၉၉၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၅၀၆) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၀၂,၀၉၉) ဦးရှိပြီ ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ (၁)ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၇၀) ရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၂၆-၉-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း (၁၄၅) ဦးရှိရာ ၎င်းတို့အနက် (၁၀၂) ဦး (၇၀ ရာခိုင်နှုန်း) မှာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည့် နာတာရှည်ရောဂါအခံ တစ်ခုခုရှိသူများ ဖြစ်ကြပါသည်။ အဆိုပါ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် နာတာရှည်ရောဂါအခံရှိသူများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ သေဆုံးသူများ၏ (၈၁.၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးလုံးဝထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံထားခြင်း မရှိသူများဖြစ်ကြပြီး (၁၇.၂) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားရှိသူများနှင့် (၁.၄) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရသူ နာတာရှည်ရောဂါအခံရှိသူများ၏ မိသားစုဝင်များထံမှ

### ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ

| ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့်ရောဂါအခံရှိသူများ၏ | | |
|---|---|---|
| ၈၁.၄ ရာခိုင်နှုန်းသည် | ၁၇.၂ ရာခိုင်နှုန်းသည် | ၁.၄ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိ သူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများ ဖြစ်ကြပါသည်။ |

သိရှိချက်အရ အဆိုပါသေဆုံးရသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံမှုကို ခံယူမှု မရရှိခဲ့ခြင်း၏ အဓိကအကြောင်းရင်းများမှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုခံယူခြင်းဖြင့် မိမိတွင်ရှိနေသည့် နာတာရှည်ရောဂါအခံသည် ပိုမိုဆိုးရွားလာမည်ဟူသည့် လွဲမှားသော အယူအဆကြောင့် စိုးရိမ်စိတ်ဖြစ်ပေါ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုများကို လာရောက်မခံယူခြင်း၊ အသက်အရွယ်ကြီးရင့်မှုနှင့် နာတာရှည်ရောဂါအခံကြောင့် ကာကွယ်ဆေးထိုးစုရပ်များသို့ သွားရောက်ရန် အခက်အခဲရှိခြင်းတို့ကြောင့် ဖြစ်သည်ဟု သိရှိရပါသည်။

သို့ဖြစ်ပါ၍ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပါက အသက်အန္တရာယ်ဆုံးရှုံးနိုင်ခြေ ပိုမိုများပြားသည့် ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည့် နာတာရှည်ရောဂါအခံ တစ်ခုခုရှိသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန်နှင့် ၎င်းတို့၏မိသားစုဝင်များ၊ မိတ်ဆွေများမှလည်း အဆိုပါ နာတာရှည်ရောဂါအခံ တစ်ခုခုရှိသူများအနေဖြင့် ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံမှုများကို အကြိမ်ပြည့်ထိုးနှံမှုခံယူရေးနှင့် ထပ်ဆောင်းကာကွယ်ဆေးများကို မပျက်မကွက်ထိုးနှံမှုခံယူနိုင်ရေးအတွက် နီးစပ်ရာ ကာကွယ်ဆေးထိုးစုရပ်များ၊ ကျန်းမာရေးဌာနများ၊ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများနှင့် မပျက်မကွက် ဆက်သွယ်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၈၇၇၉၆၄၃ | ၉၅၉၉၇၅၉၉ | ၁၀၈၉၉၁၆ |
| ၂။ | အိန္ဒိယ | ၄၄၆၂၃၉၉၇ | ၄၄၀၆၈၅၅၇ | ၅၂၈၈၅၇ |
| ၃။ | ပြင်သစ် | ၃၆၁၀၂၅၄၅ | ၃၄၉၃၁၉၂၀ | ၁၅၅၇၃၇ |
| ၄။ | ဘရာဇီး | ၃၄၇၈၂၁၈၂ | ၃၃၉၄၇၂၃၁ | ၆၈၇၁၂၀ |
| ၅။ | ဂျာမနီ | ၃၄၅၁၇၃၂၇ | ၃၂၈၅၈၃၀၀ | ၁၅၁၂၆၀ |
| ၆။ | တောင်ကိုရီးယား | ၂၅၀၇၆၂၃၉ | ၂၄၆၀၅၅၄၈ | ၂၈၇၈၃ |
| ၇။ | ဗြိတိန် | ၂၃၇၉၈၇၉၃ | ၂၃၄၀၇၇၅၉ | ၁၉၁၆၈၁ |
| ၈။ | အီတလီ | ၂၂၉၉၀၂၀၁ | ၂၂၂၇၃၃၉၃ | ၁၇၇၇၈၅ |
| ၉။ | ဂျပန် | ၂၁၆၉၂၇၉၅ | ၂၀၄၄၂၅၀၈ | ၄၅၇၅၆ |
| ၁၀။ | ရုရှား | ၂၁၂၇၈၈၁၆ | ၂၀၅၅၉၂၇၄ | ၃၈၈၇၀၉ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၄၉၁၅၄၁ | ၁၀၅၉၈၄၄၄ | ၄၃၁၅၅ |
| ၂။ | အင်ဒိုနီးရှား | ၆၄၅၃၈၆၄ | ၆၂၇၈၁၁၃ | ၁၅၈၂၈၁ |
| ၃။ | မလေးရှား | ၄၈၆၁၂၂၆ | ၄၈၀၂၀၁၂ | ၃၆၄၁၀ |
| ၄။ | ထိုင်း | ၄၆၈၅၀၄၇ | ၄၆၄၇၂၇၅ | ၃၂၈၂၉ |
| ၅။ | ဖိလစ်ပိုင် | ၃၉၇၈၃၅၄ | ၃၈၈၈၅၁၆ | ၆၃၄၃၉ |
| ၆။ | စင်ကာပူ | ၁၉၈၈၇၆၀ | ၁၈၈၄၉၀၅ | ၁၆၃၉ |
| ၇။ | မြန်မာ | ၆၂၇၉၉၇ | ၆၀၂၀၉၉ | ၁၉၄၇၀ |
| ၈။ | ဘရူနိုင်း | ၂၃၁၈၃၃ | ၂၂၂၁၄၀ | ၂၂၅ |
| ၉။ | လာအို | ၂၁၆၀၆၈ | ၂၀၈၃၄၄ | ၇၅၈ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၉၅၇ | ၁၃၄၈၂၄ | ၃၀၅၆ |

## တောင်သူများအား ယူရီးယားဓာတ်မြေသြဇာ ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချ

ဖန်းမောက် အောက်တိုဘာ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ဖန်းမောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးတွင် ယမန်နေ့နံနက် ၁၀ နာရီက စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအစီအစဉ်ဖြင့် တောင်သူများကို ယူရီးယားဓာတ်မြေသြဇာများကို ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချခြင်း အခမ်းအနား ပြုလုပ်သည်။

အဆိုပါအခမ်းအနားတွင် ဖန်းမောက်မြို့နယ် စီမံကိန်းဦးစီးမှူး ဦးဇော်ထွန်းအောင်က ယူရီးယားဓာတ်မြေသြဇာ ဖြန့်ဖြူးရောင်းချပေးရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး ဖန်းမောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟန်စိုးက ယူရီးယားဓာတ်မြေသြဇာ အချိုးကျ အကျိုးရှိစွာ သုံးစွဲရေးနည်းပညာများကို တောင်သူများအား ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ယူရီးယားဓာတ်မြေသြဇာများကို မြို့နယ်အတွင်း မိုးသီးနှံများ၊ မိုးစပါးစံပြကွက်စမ်းသပ်ကွက်၊ မျိုးစေ့ထုတ်ကွက် စိုက်ပျိုးသည့် အကျိုးဆောင်တောင်သူများအား မြေသြဇာအိတ် ၃၀၀ ကို အဓိကဖြန့်ဖြူးရောင်းချခဲ့ပြီး ကျန်ရက်များတွင်လည်း ဆက်လက်ရောင်းချပေးမည်ဖြစ်သည်။

ဖန်းမောက်မြို့နယ်အနေဖြင့် ယခင်နှစ်မိုးသီးနှံစုစုပေါင်း ၄၇၄၄၉ ဧက စိုက်ပျိုးခဲ့သော်လည်း ၂၀၂၂-၂၀၂၃ခုနှစ်တွင် ၄၇၄၅၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**နန်းထွန်းမေ**



## ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် သမင်အင်းကုန်းကျေးရွာ ဥတ္တရာမဒေးဒရဲကျောင်းတိုက်၏ ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တ ဥတ္တရာဘိဝံသ မဟာထေရ်မြတ်ကြီး ဘဝနတ်ထံပျံလွန်တော်မူ

နေပြည်တော် အောက်တိုဘာ ၁၄

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် သမင်အင်းကုန်းကျေးရွာ ဥတ္တရာမဒေးဒရဲကျောင်းတိုက်၏ ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တ ဥတ္တရာဘိဝံသ မဟာထေရ်မြတ်ကြီးသည် သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၆၆)ဝါအရ ၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်(၃)ရက်၊ (၁၂-၁၀-၂၀၂၂)၊ ဗုဒ္ဓဟူးနေ့၊ နံနက်(၇:၃၇)နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## CRPH နှင့် NUG တို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသော လျှပ်စစ်ဓာတ်အားလိုင်းများ၏ တာဝါတိုင်များအား မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးခဲ့သဖြင့် ပြန်လည်ပြုပြင်ဆောင်ရွက်ထားရှိမှု အခြေအနေ



၂၃၂ ကေဗွီ ဘီလူးချောင်း(၂)-တီကျစ်ဓာတ်အားလိုင်းအား ဖျက်ဆီးထားမှုကို တွေ့ရစဉ်။



၂၃၂ ကေဗွီ ဘီလူးချောင်း(၂)-တီကျစ်ဓာတ်အားလိုင်းအား ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။



၂၃၂ ကေဗွီ ဘီလူးချောင်း(၂)- ရွှေမြို့ဓာတ်အားလိုင်းအား ဖျက်ဆီးထားမှုကို တွေ့ရစဉ်။



၂၃၂ ကေဗွီ ဘီလူးချောင်း(၂)-ရွှေမြို့ဓာတ်အားလိုင်းအား ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။

❒ **မော်လမြိုင်မှ**

အဆိုပါရန်ကုန်-မော်လမြိုင်လမ်းပိုင်း၌ ပြေးဆွဲသည့် အမှတ် (၈၉) အဆန် လေအိတ်ရထားတွဲဆိုင်းမှာ ရန်ကုန်ဘူတာကြီးမှ နံနက် ၆ နာရီ ၃၀ မိနစ် ထွက်ခွာပြီး မော်လမြိုင်ဘူတာသို့ညနေ ၄ နာရီ ၄၅ မိနစ်တွင်ရောက်ရှိမည်ဖြစ်သည်။ အမှတ် (၉၀)အစုန် လေအိတ်ရထားတွဲဆိုင်းမှာလည်း မော်လမြိုင်ဘူတာမှ နောက်တစ်နေ့ နံနက် ၉ နာရီတွင်ထွက်ခွာပြီး ရန်ကုန်ဘူတာကြီးသို့ ည ၇ နာရီ ၁၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။ အစုန်/အဆန်ခရီးစဉ်အတွက် ယခင်ရထားရပ်တန့်ပေးခဲ့သည့် ခရီးစဉ်များအတိုင်း ပဲခူး၊ကျိုက်ထို၊တောင်စွန်း၊ သထုံနှင့်ပေါင်ဘူတာတို့၌ ရထားရပ်တန့်ပေး သွားမည်ဖြစ်သည်။

မော်လမြိုင်- ရန်ကုန် လေအိတ်ရထား ခရီးစဉ်အတွက် ယခင်ရထားလက်မှတ်ခနှုန်း ထားအတိုင်းလက်မှတ်ခနှုန်းထားပြောင်းလဲမှုမရှိဘဲ ခရီးသည် တစ်ဦးလျှင် ရိုးရိုးတန်း ကျပ်၃၅၅၀ နှင့် အထူးတန်း ကျပ် ၇၀၅၀ ကျသင့်မည်ဖြစ်သည်။ လေအိတ်ရထားတွဲဆိုင်း၌ ရထားတွဲတစ်တွဲလျှင် ရထားစီးခရီးသည် ၃၃ ဦးစီလိုက်ပါစီးနင်းနိုင်သော အထက်တန်း ရထားတွဲ ခြောက်တွဲ၊ ခရီးသည် ၆၈ ဦးစီလိုက်ပါစီးနင်းနိုင်သော ရိုးရိုးတန်းရထားတွဲ ငါးတွဲနှင့် ခရီးသည် ၃၆ ဦးလိုက်ပါစီးနင်းနိုင်သော ရိုးရိုးတန်း(လူစီးဘရိတ်တွဲ) တွဲ တစ်တွဲပါဝင်ကြောင်း သိရသည်။

လက်ရှိ ရန်ကုန်-မော်လမြိုင်- ရန်ကုန် လမ်းပိုင်း၌ အစုန်/အဆန် ခရီးစဉ်အတွက် အဆိုပါ ရထားတစ်စင်းသာ ပြေးဆွဲပေးနေပြီး ညပိုင်းပြေးဆွဲပေးနေသည့်ရထားများပြေးဆွဲခြင်းကို ယာယီရပ်နားထားကြောင်း၊ ယခုပြေးဆွဲပေးသည့်လေအိတ်ရထားလက်မှတ်များကို ရိုးရိုးတန်းတစ်ရက်ကြို၊ အထက်တန်း သုံးရက်ကြိုစနစ်များဖြင့် ရန်ကုန်နှင့်မော်လမြိုင်မြို့တို့ရှိ ရက်ကြိုလက်မှတ်ရုံများတွင် ရောင်းချပေးလျက်ရှိကြောင်း မြန်မာ့မီးရထားမှ သိရသည်။

**သတင်း-ပွင့်သစ္စာ၊ ဓာတ်ပုံ-စိုးမြင့်အောင်**

■ **ကျောဖုံးမှ**

အဖိတ်နဲ့ လပြည့်ကျော် ၁ ရက်အပါအဝင် သုံးရက်ဆက်တိုက်စည်ကားခဲ့တယ်” ဟု ၎င်းကပြောသည်။


အဆိုပါ ဆင်စခန်းတွင် အသက် ၉ နှစ်မှ ၁၇ နှစ်အရွယ်ကြားရှိ ဆင်အထီး သုံးကောင်နှင့် အမငါးကောင် ပေါင်း ရှစ်ကောင်ရှိရာ ပုံမှန်ရက် များတွင် ဆင်လေးကောင်က အပန်းဖြေလာရောက်သူများအား ဝန်ဆောင်မှုပေးနေပြီး ကျန် လေးကောင်မှာ တောကျောင်းနေခြင်းဖြစ်သော်လည်း သီတင်းကျွတ်အဖိတ်နေ့၊လပြည့်နေ့နှင့် လပြည့်ကျော် ၁ ရက်နေ့တို့တွင် လာရောက်သူများပြားသဖြင့် ဆင်ရှစ်ကောင်ဖြင့် ဝန်ဆောင်မှုပေးခဲ့ရကြောင်းသိရသည်။

“ဆင်စခန်းထဲ ဝင်လိုက်တာနဲ့ ပထမဦးဆုံး ကျွန်းပင်တန်းကို ဖြတ်ပြီးရင် ကုက္ကိုတန်း၊ပြီးရင် တမာတန်းကို ဖြတ်သန်းရမယ်။ လာတဲ့သူတွေက အရိပ်ကလေးက အေးနေတာပဲလို့ ပြောကြတယ်။ အရင်က ကျွန်တော်တို့ ဝန်ထမ်းတွေ စိုက်သွားကြတာကို ဆက်လက်ပြီး ပြုစုထိန်းသိမ်းနေတော့ အရိပ်ကောင်းတယ်။ ကျောက်ထိုင်ခုံလေးတွေလည်း ထားပေးတယ်”ဟု ပြောကြားသည်။

ဝါးနက်ဆင်စခန်းတွင် ဆင်စီး၍ တောတောင်ရှုခင်းများ ကြည့်ရှုနိုင်ခြင်း၊ ဆင်များ၏ လိမ္မာမှုများပြသခြင်း စ သည့် ဝန်ဆောင်မှုများပေးနေပြီး လာရောက်သူများက ဆင်များကို အစာကျွေးခြင်း၊ဆင်နှင့်အတူ ဓာတ်ပုံရိုက်ခြင်းတို့ ပြုလုပ်ကြကြောင်း၊ဆင်စီးသည့် ဝန်ဆောင်မှုအတွက် ခရီးတိုလျှင် ငွေကျပ် ၃၀၀၀ နှင့်ခရီးရှည်လျှင် ငွေကျပ် ၅၀၀၀ ကျပ် ကျသင့်ကြောင်းသိရသည်။

**မောင်အေးချမ်း**

## နိုင်ငံတော်ဩဝါဒါစရိယ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ သမင်အင်းကုန်းကျေးရွာ၊ ဥတ္တရာမဒေးဒရဲကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဥတ္တရာဘိဝံသ၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာ သည် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် မယ်ဇလီကုန်းကျေးရွာတွင် ခမည်းတော် ဦးဘိုးရန်+ မယ်တော် ဒေါ်အေးမော်တို့မှ ၁၂၉၈ ခုနှစ်၊ တပို့တွဲလဆန်း(၇)ရက်၊ တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၁၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၀)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ မယ်ဇလီကုန်းကျေးရွာ၊ ညောင်ပွားပင်ကျောင်းဆရာတော် ဘဒ္ဒန္တ ကေလာသကို ဥပဇ္ဈာယ်ပြုလျက် အဘိုး ဦးဆန်းပုံ+ အဘွား ဒေါ်အေးမိတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ ၁၃၁၈ ခုနှစ် ကဆုန်လဆန်း ၁၅ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် သမင်အင်းကုန်းကျေးရွာ ဥတ္တရာမဒေးဒရဲကျောင်း ခဏ္ဍသိမ်၌ တလိုင်းထူးကျောင်းဆရာတော် ဘဒ္ဒန္တပုညမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ သမင်အင်းကုန်းတောင်ပိုင်းရပ်နေ ဦးနိုင်+ ဒေါ်ဖွားရီတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် မယ်ဇလီကုန်းညောင်ပွားပင်ကျောင်းဆရာတော် ဘဒ္ဒန္တကေလာသ၊ ဘဒ္ဒန္တနန္ဒဝံသ၊ မိတ္ထီလာမြို့ ပါဠိတက္ကသိုလ်သဒ္ဓမ္မဝံသာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဥတ္တမ၊ မန္တလေးမြို့ ဓမ္မိကာရာမကျောင်းတိုက် ဇေတဝန်ကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိတ၊ မန္တလေးမြို့ အရှေ့ပြင်ရပ် ဣန္ဒြိယာရာမရွှေဂူကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဣန္ဒြိယစသည့် ဆရာတော်များထံမှ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့ပြီး ၁၃၂၄ ခုနှစ်တွင် **“သာသနဓဇဓမ္မာစရိယ”** ဘွဲ့ကို ရရှိတော်မူခဲ့ပါသည်။

**သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ အရှေ့ပြင်(ဣန္ဒြိယာရာမ)ကျောင်းတိုက်နှင့် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဥတ္တရာမဒေးဒရဲကျောင်းတိုက်၌ စာသင်သားရဟန်း/သာမဏေများအား စာပေကျမ်းဂန်များ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ စာပေကျမ်းဂန်များ ရေးသားပြုစုတော်မူခဲ့ခြင်း၊ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများ ရေးဆွဲရေးအဖွဲ့တွင် ပါဝင်ဆောင်ရွက်တော်မူခဲ့ခြင်း၊ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ် ဆရာတော်အဖြစ်လည်းကောင်း၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အဖြစ်လည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အဖြစ်လည်းကောင်း ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် ယနေ့အထိ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်အဖြစ် သာသနာ့ တာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၆၆)ဝါအရ ၁၃၈၄ ခုနှစ် သီတင်းကျွတ်လပြည့်ကျော်(၃)ရက်၊ (၁၂-၁၀-၂၀၂၂)၊ ဗုဒ္ဓဟူးနေ့၊ နံနက်(၇:၃၇) နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

## Grade 6

ယခင်အပတ်က **Unit 4: Lesson: 4 What we like and dislike** သင်ခန်းစာပါ အကြောင်းအရာများကို ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ **Unit 5: Lesson 1 : Where shall we meet?** အကြောင်း ဖော်ပြသွားမှာဖြစ်ပါတယ်။

### Unit 5: Lesson 1 : Where shall we meet? (ဘယ်နေရာမှာဆုံကြမလဲ)

•Making appointments (ချိန်းဆိုမှုပြုလုပ်ခြင်း)
•Nationalities and countries (နိုင်ငံနှင့် လူမျိုး)

**Making appointments (ချိန်းဆိုမှုပြုလုပ်ခြင်း)**

**Common phrases for making appointments**
**(ချိန်းဆိုမှုပြုလုပ်ရာတွင် အသုံးများသည့်ဝါကျများ)**

**Can we meet on** Sunday? (တနင်္ဂနွေနေ့မှာ တွေ့နိုင်မလား။)
**Can we meet next** Friday?(လာမယ့်သောကြာနေ့မှာ တွေ့နိုင်မလား။)
**Are you available on** the 14th?(၁၄ ရက်နေ့မှာ မင်းအားလား။)
**Are you free** next week? (လာမယ့်အပတ်မှာ မင်းအားလား။)
**Let's meet** this evening. (ဒီညနေခင်းမှာ ဆုံကြမလား။)
**When can I talk to you?** (ဘယ်အချိန် မင်းနဲ့စကားပြောနိုင်မလဲ။)
**Can I meet you** tomorrow afternoon?
(မနက်ဖြန် မွန်းလွဲပိုင်းမှာ ငါတို့ တွေ့နိုင်မလား။)
**How about** tomorrow evening?
(မနက်ဖြန် ညနေခင်းဆိုရင်ရော…တွေ့နိုင်မလား။)
**Is** next Monday **convenient for you**? (လာမယ့် တနင်္လာနေ့ မင်းအားလား။)
**Do you have any time available** this week? (ဒီတစ်ပတ် အားတယ်မလား။)
**When would be a good time to meet you?**
(ဘယ်အချိန် မင်းနဲ့တွေ့နိုင်မလဲ။)
**Would** today evening **be all right**?(ဒီညနေခင်းဆိုရင် အဆင်ပြေလား။)
**Can you give me an appointment on** Sunday?
(တနင်္ဂနွေနေ့မှာ မင်းကိုတွေ့နိုင်မယ့် အချိန်တစ်ချိန်လောက်ပေးနိုင်မလား။)

**Accepting an appointment: (ချိန်းဆိုမှုကို လက်ခံခြင်း)**

Sure. I'll come. (ရတာပေါ့။ ငါလာပါ့မယ်။)
Yes, Sunday is fine. (ကောင်းပြီ။ တနင်္ဂနွေနေ့ တွေ့ကြမယ်လေ။)
Friday would be perfect.(သောကြာနေ့ တွေ့ကြမယ်လေ။)
I'll be there at that time.(အဲဒီအချိန် ငါလာခဲ့မယ်။)

**Canceling/rejecting an appointment: (ချိန်းဆိုမှုကို ငြင်းဆန်ခြင်း)**

Sorry. I have another appointment at that time.
(ဝမ်းနည်းပါတယ်။ အဲဒီအချိန် တခြားကိစ္စလေးရှိသေးတယ်။)
I'm sorry. I can't come. (ဝမ်းနည်းပါတယ်။ ငါ မလာနိုင်ဘူး။)
I'm afraid I can't on the 14th.(အားနာလိုက်တာ။ ၁၄ ရက်နေ့ ငါမလာနိုင်ဘူး။)
**I'm sorry, I won't be able to make it on** Sunday.
(ဝမ်းနည်းပါတယ်။ တနင်္ဂနွေနေ့မှာ ငါမလာနိုင်ဘူး။)
Sorry. I don't think I can make it.(ဝမ်းနည်းပါတယ်။ ငါ လာနိုင်မယ်မထင်ဘူး။)

(1) **Read the following conversations and practise them with your friends. (အောက်ပါ စကားပြောပုံစံများကိုဖတ်ပြီး သူငယ်ချင်းများနှင့် စကားပြောလေ့ကျင့်ပါ။)**

**Conversation (1)**

**A: Do you have any plans for Wednesday after school?**
ဗုဒ္ဓဟူးနေ့ ကျောင်းပြီးရင် ဘာအစီအစဉ်ရှိလဲ။
**B: No. None. Why?** မရှိပါဘူး။ ဘာလို့လဲ။
**A: Then what about playing football?** ဘောလုံးကစားမှာမလား။
**B: Why not? When shall we meet?** ကစားမှာပေါ့။ ငါတို့ ဘယ်မှာဆုံကြမလဲ။
**A: After school at 4:00. Let's meet at the football ground on Main Street.** ကျောင်းဆင်း ၄ နာရီမှာ ဆုံမယ်။ မိန်းလမ်းပေါ်က ဘောလုံးကွင်းမှာ တွေ့ကြမယ်လေ။
**B: Good! That is near our school. OK. See you then.** ကောင်းသားပဲ။ အဲဒီကစားကွင်းက ငါတို့ကျောင်းနဲ့နီးတယ်။ အိုကေ။ တွေ့ကြမယ်လေ။

**Conversation (2)**

**A: Are you free this evening?** ဒီနေ့ညနေခင်းအားလား။
**B: Oh, Yes, do you have any plans?** အားပါတယ်။ ဘာအစီအစဉ်ရှိလို့လဲ။
**A: We're going to a restaurant for dinner this evening. Would you like to come along with us?** (ဒီညနေမှာ ငါတို့ စားသောက်ဆိုင်တစ်ခုမှာ ညစာသွားစားကြမယ်။ ငါတို့နဲ့ လိုက်ချင်လား။
**B: That's great. I'd love to. Where shall we meet? And when?** ကောင်းတာပေါ့။ ငါလိုက်ချင်ပါတယ်။ ဘယ်မှာဆုံကြမလဲ။ ဘယ်အချိန်ဆုံမှာလဲ။
**A: Let's meet at the Sunshine Restaurant. Will 6 o'clock be OK?** ဆန်းရှိုင်းစားသောက်ဆိုင်မှာ တွေ့ကြမယ်လေ။ ၆ နာရီလောက်ဆို အဆင်ပြေလား။
**B: Sure. I'll come to you. See you.** ရပါတယ်။ ငါလာခဲ့ပါမယ်။

**အောက်ပါစကားပြောပုံစံကို အင်္ဂလိပ်လိုရေးပါ။**

A: မနက်ဖြန်နံနက် အားလား။
B: အားပါတယ်။ ဘာရှိလို့လဲ။
A: ငါရွှေတိဂုံဘုရား သွားချင်လို့။ ငါ့ညီမတွေကလည်း မအားဘူး။ မင်းငါနဲ့ လိုက်ချင်လား။
B: လိုက်ချင်ပါတယ်။ ဘယ်အချိန်ဆုံမှာလဲ။ ဘယ်နေရာမှာတွေ့ကြမှာလဲ။
A: မင်းတို့လမ်းထိပ်က ကားမှတ်တိုင်မှာ နံနက် ၉ နာရီ စောင့်နေပါ။ ငါလာခေါ်မယ်လေ။
B: ကောင်းပါပြီ။ တွေ့ကြမယ်လေ။
A: ______________________________
B: ______________________________
A: ______________________________
B: ______________________________
A: ______________________________
B: ______________________________

**Nationalities and countries (နိုင်ငံနှင့် လူမျိုး)**

**Complete the table with the correct words.**

| | Country | Nationality |
|---|---|---|
| 1. | Japan | Japanese |
| 2. | Korea | ________ |
| 3. | Thailand | ________ |
| 4. | _______ | Chinese |
| 5. | _______ | Malaysian |
| 6. | Singapore | _______ |
| 7. | India | _______ |
| 8. | Vietnam | _______ |
| 9. | Laos | _______ |
| 10. | _______ | Indonesian |

**(A) Write the sentences using the information given below.**

e.g. Ma Ma/Japan/Japanese
A: Where are you from, Ma Ma?
B: I'm from Japan. I'm Japanese.

1. Ko Ko/ India / Indian
A: ________________?
B: ___________. ___________.

